# မြားမှန် The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ စနေနေ့။ Saturday, 5 October 2024 ၁၁၆၀၁


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရေးတွင် ဆရာသည်သာ အခရာဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျား-**

ယနေ့ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လူ့လောကတွင် ဆရာနှင့်ကင်းသူဟူ၍ မရှိပါ။ လူသားတိုင်းတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ အသီးသီးရှိကြသည်ချည်းသာ ဖြစ်ပါသည်။ အာစရိယဆရာတို့၏ ဂုဏ်ကျေးဇူးတန်ဖိုးကား အတိုင်းအဆမရှိ တုနှိုင်းမရအောင် ကြီးမားမြင့်မြတ်လှပေသည်။ မြင့်မြတ်သော ဆရာတို့၏ ဂုဏ်ကျေးဇူးများကို ဖော်ကျူးကာ လေးစားစွာဖြင့် ကမ္ဘာအနှံ့ ချီးမြှင့်ဂုဏ်ပြုလာခဲ့ကြပါသည်။ ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ရောက်တိုင်း **"ဆရာကို တန်ဖိုးထားလို့ သူတို့အနာဂတ်ကို မြှင့်တင်ကြစို့"၊ "အနာဂတ်ဘဝလှပဖို့ ဆရာများက ကြိုးစားစို့"၊ "ဆရာ၊ ဆရာမ တန်းတူညီ၊ လူ့ဘောင်ပြည်ရွာသာယာမည်"၊ "ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများက အစပြု"** စသည့် ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့် ဆောင်ပုဒ်များ ချမှတ်ကာ ကမ္ဘာ့ဆရာများနေ့ကို ကျင်းပလာခဲ့ကြသည်မှာ နှစ်ပေါင်း (၃၀)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

# သီတင်းကျွတ်ပိတ်ရက်များတွင် ရန်ကုန်မှ အပန်းဖြေခရီးထွက်လိုသူများ ပုဂံနှင့် ဆက်စပ်ဒေသများသို့ သွားရောက်မှု ပိုမိုများပြားနိုင်

**ရန်ကုန် အောက်တိုဘာ ၄**

ယခုသီတင်းကျွတ် ပိတ်ရက်များတွင် ရန်ကုန်မှ အပန်းဖြေ ခရီးထွက်လိုသူများက ပုဂံနှင့် ဆက်စပ်ဒေသများသို့ သွားရောက်မှု ပိုမိုများပြားနိုင်ကြောင်း မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

**စိတ်ဝင်စားမှုများ**

"ပုဂံခရီးစဉ်ကို ဒီသီတင်းကျွတ်ကာလ ရုံးပိတ်ရက်တွေအတွက် ကျွန်မတို့ဆီကနေ တော်တော်အသွားများကြမှာ တွေ့ရတယ်။ စိတ်ဝင်စားမှုလည်း များနေတယ်။ ရန်ကုန်က အများဆုံးသွားတယ်လို့ ပြောရမယ်။ ရန်ကုန်က ဧည့်သည်တွေ သွားကြတယ်။ ပုဂံခရီးစဉ်မှာဆိုရင် ပုဂံအပြင် ပုပ္ပားတောင်မကြီး ဒေသတွေလည်း ပါတယ်။ ခရီးသွားတွေ စိတ်ဝင် စားတယ်။ အသွားများကြတယ်" ဟု The Unlock Travels & Tour မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာမျက်နှာ ၄ ကော်လံ ၃ သို့ ❖



ပုဂံရှေးဟောင်းဒေသရှိ သဗ္ဗညုဘုရားသို့ ဘုရားဖူးလာရောက်ကြသူများကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**အထည်ချုပ်လုပ်ငန်းရှင်များအသင်းက ရေဘေးသင့်ပြည်သူများ၏ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ကူညီပံ့ပိုးမည်** စာမျက်နှာ » ၈

**သထုံမြို့နယ်၌ ယခုနှစ် ရော်ဘာရာသီစတင်ချိန် ခြံဖွင့်ဈေးကောင်းရရှိ** စာမျက်နှာ » ၁၇

**ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေး ရန်ပုံငွေတေးဂီတ ဖျော်ဖြေပွဲကျင်းပမည်** စာမျက်နှာ » ၂၀



**ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၅)ရက်မြောက်နေ့ ကောက်ယူနေပါသည်။**

ကြေးမုံ

# အနန္တဂိုဏ်းဝင်ကျေးဇူးကြီးမားမြတ်ဆရာများ

မြန်မာတို့၏ အစဉ်အလာအရ ရှိသေဆည်းကပ်ပူဇော်ထိုက်သော ပုဂ္ဂိုလ်များတွင် ဆရာ ဆရာမများပါဝင်သည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့်တစ်တန်းတည်းထားသည့် ပုဂ္ဂိုလ်များမှာ ဆရာ ဆရာမများဖြစ်သည်။ ထို့ကြောင့် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဟုသတ်မှတ်ကြသည်။ ဆရာ၏ဂုဏ်ဒြပ်နှင့် ကျေးဇူးများမှာ ကြီးမားလှသဖြင့် ရှိသေထိုက်သူ၊ ပူဇော်ထိုက်သူ အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဟု အလေးအမြတ်ပြုပေသည်။

"လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ"ဆိုသည့်နည်းတူ ဆရာများသည် လက်ဦးဆရာများပင်ဖြစ်သည်။ လိမ္မာယဉ်ကျေး သွန်သင်ဆုံးမစောင့်ရှောက်ပေးရာ၌ မိဘများကဲ့သို့ပင် ရင်အုပ်မကွာ နေ့စဉ်နှင့်အမျှ တစ်နေကုန်အချိန်ကြာစောင့်ရှောက်ကြသဖြင့် ဒုတိယမိဘဟုပင်ဆိုနိုင်သည်။ "အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ"နှင့်အညီ သိသင့်သမျှ အတတ်ပညာများကို သင်ကြားပေးခြင်း၊ ဆုံးမဩဝါဒပေး၍ ပြုပြင်ပေးခြင်း၊ မိမိတတ်သမျှ အကုန်သင်ပေးခြင်း၊ တပည့်များ ဘေးအန္တရာယ်မဖြစ်စေရန် ကြိုတင်တားဆီးကာကွယ်ပေးခြင်း၊ မိမိထက် ကျေးဇူးပြုနိုင်မည့် ဆရာ့ထံသို့ အပ်နှံပေးခြင်း ကျင့်ဝတ်များနှင့်အညီ စေတနာထားကြသူများဖြစ်သည်။

လူတိုင်းလူတိုင်းသည် မိဘနှင့် ဆရာသမားတို့၏ ရင်ငွေ့လှုံကာ ရှင်သန်ကြီးပြင်းလာကြသူများချည်းဖြစ်သည်။ ဆရာ့ကျေးဇူး၊ မိဘကျေးဇူးကြီးမားလှသဖြင့် ထင်ရှားကျော်ကြား ဆရာတော်ကြီးတစ်ပါးက ဘုရား၊ တရား၊ သံဃာတို့နှင့်အတူ မိဘ၊ ဆရာသမားများကို မမေ့မလျော့စေရန် နေ့စဉ်နေ့တိုင်း နံနက်/ည ရှိခိုးကန်တော့ကြရန် မိန့်ကြားခဲ့ဖူးသည်။ အောက်တိုဘာလ ၁ ရက်နေ့က ထိုင်းနိုင်ငံ၌ ကျောင်းကားမီးလောင်မှုအဖြစ်အပျက်တွင် မီးလောင်ကျွမ်းမှုထဲ၌ ဆရာမတစ်ဦးက ကလေးငယ်တစ်ဦးကို ပွေ့ဖက်ထားသည့် ရုပ်ကြွင်းကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိခဲ့သည်။ ဆရာမ၏ကျောင်းသားကလေးငယ်အပေါ်ထားရှိသည့် မေတ္တာတရား မည်မျှကြီးမားသည်ကို အထင်အရှားတွေ့နိုင်သည်။

ဆရာများ၏ သင်ကြားပြသ သွန်သင်ဆုံးမမှု အခြေခံကောင်းများဖြင့် မိမိဘဝ၊ မိမိ မိသားစု၊ မိမိလူ့အဖွဲ့အစည်းသာမက မိမိနိုင်ငံအတွက်ပါ အကျိုးပြုနိုင်သူများဖြစ်နေကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ အကျိုးမပြုကြသူများ၊ ဖျက်ဆီးနေကြသူများလည်းရှိနေရာ ဝမ်းနည်းစရာဖြစ်သည်။ မျက်မှောက်ကာလတွင် ဘာသာတရားနှင့် ယဉ်ကျေးမှု ပါးလျားလာသည့်အလျောက် ဆရာများအပေါ်တွင် ရှိသေလေးစားမှုလျော့နည်းလာသည်ကို မြင်တွေ့နေရသည်။ ထို့ထက်ဆိုး၍ ဆရာများအပေါ်တွင် ပြစ်မှားစော်ကားမှုများပင်ရှိလာသည်။ မျက်မှောက်ကာလတွင် အစွန်းရောက်နိုင်ငံရေးသွတ်သွင်းမှုများကြောင့် ဆရာများအား သတ်ဖြတ်မှုများရှိလာသည်ကို စိတ်မကောင်းဖွယ် တွေ့ရသည်။ သုံးနှစ်တာကာလအတွင်း အကြမ်းဖက်သမားတို့လက်ချက်ကြောင့် နိုင်ငံတစ်ဝန်းမှ ပညာရေးဝန်ထမ်း ဆရာ ဆရာမ ၇၅ ဦး သတ်ဖြတ်ခံခဲ့ရသည်။

ဆရာများသည် တပည့်များအပေါ်တွင် မေတ္တာတရားကြီးမားစွာဖြင့် သွန်သင်ပြသဆုံးမလမ်းညွှန်ခဲ့ကြသော်လည်း အသိဉာဏ်ပညာနည်းပါးမှု၊ နိုင်ငံကြီးသားစိတ်ထားကင်းမဲ့မှု၊ အကျင့်စာရိတ္တချွတ်ယွင်းမှု၊ အမျိုးသားရေး"စံ" များ ပျက်သုဉ်းမှု၊ အစွန်းရောက်စိတ်မြင့်မားမှု၊ ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခေါင်းပါးမှု၊ ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းရမည့်ခံယူချက်များ ကင်းမဲ့မှု စသည့်မကောင်းသောစေ့ဆော်ပေးမှုများကြောင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများကို ရှိသေလေးစားမှုများလျော့ပါးလာပြီး ပြစ်မှားစော်ကားသည်အထိ ပြုလုပ်လာကြသည်။ ထို့ကြောင့် မိဘ၊ ဆရာများကပင် ကလေးများလူလားမြောက်သည်အထိ နေအိမ်၊ မျိုးဆက်ကို ဖျက်ဆီးစေမည့် မျိုးစေ့များ မဝင်ရောက်အောင် ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန် ပြုစုပျိုးထောင်ပေးရမည်မှာ ဆရာများ၏တာဝန်ဖြစ်သည်။ နိုင်ငံအတွက်အရေးကြီးသည့် အမျိုးသားရေးစိတ်ဓာတ်ကောင်းများကို ကျောင်းနေစဉ်အရွယ်ကတည်းက ကိန်းအောင်းနေအောင် ပြုစုပျိုးထောင်ပေးမှသာ နိုင်ငံတော်အတွက်အားထားနိုင်သည့် သားကောင်းရတနာများဖြစ်လာမည်။ နိုင်ငံကို ပုံဖော်ထုဆစ်ကြသူများသည် ထိုနိုင်ငံ၏ နိုင်ငံသူ၊ နိုင်ငံသားများပင်ဖြစ်သည်။ ကောင်းမွန်သည့် နိုင်ငံသားများကသာ နိုင်ငံကို တိုးတက်အောင် ဆောင်ရွက်နိုင်သည်။ စည်းကမ်းကောင်းမွန်သည့် လူမျိုးဖြစ်စေရန် လေ့ကျင့်သင်ကြားပေးသည့်နေရာသည် စာသင်ကျောင်းများဖြစ်သည်။

နိုင်ငံသားကလေးငယ်များကို ပညာတတ်မြောက်ရန်သာမကဘဲ နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် သွန်သင်ဆုံးမ နည်းလမ်းပြသပေးကြသည့် ပုဂ္ဂိုလ်များသည် ဆရာ ဆရာမများဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"ဆိုသည့် ဆောင်ပုဒ်သည် ဆရာ မိဘများနှင့် ကျောင်းသား ကျောင်းသူများကို အစဉ်ဆော်ဩနေသည့် လမ်းညွှန်ဆောင်ပုဒ်ဖြစ်သည်။ သို့ဖြစ်ရာ အောက်တိုဘာလ ၅ ရက်နေ့ "ကမ္ဘာ့ဆရာများနေ့"တွင် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆရာများက နိုင်ငံအကျိုးပြု သားကောင်းရတနာများ ပေါ်ထွန်းလာအောင် ဆောင်ကြဉ်းပေးကြရမည်ဖြစ်ပါကြောင်း။ ။




## စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

၁။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅)ဖြင့် ၂၄-၅-၂၀၁၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃)ဖြင့် ၂၃-၁၀-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်နေ့မှစတင်၍ စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်လျှောက်ထားဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

၂။ မူလလက်ရာရှင်၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေး ပိုင်ရှင်တစ်ဦးဦးသည် စာပေနှင့်အနုပညာမူပိုင်ခွင့်အခွင့်အရေး သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရရှိရန် မှတ်ပုံတင်လိုပါက သတ်မှတ် လျှောက်လွှာပုံစံများဖြင့် မှတ်ပုံတင်အရာရှိ မူပိုင်ခွင့်ဦးစီးဌာနသို့ လျှောက်ထားနိုင်ပါသည်။

၃။ စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးအမှတ်(၅၂)၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်းနံပါတ်- ၀၆၇-၄၃၀၅၉၄ (မူပိုင်ခွင့်ဦးစီးဌာန)သို့ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၄** ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၄ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၃၀ | ၂၆၁,၀၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၁ | ၃,၄၅၀ |
| MCB | ၉,၀၀၀ | ၉,၀၀၀ | ၀ | ၀ |
| FPB | ၁,၈၅၀ | ၁,၉၀၀ | ၇၇၅ | ၁,၄၇၂,၄၅၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄၀၁ | ၁,၁၀၂,၇၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၆၄၄ | ၁,၀၉၄,၈၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၄,၇၇၅ | ၁၆,၂၃၅,၀၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | | စာပြင် | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

> **❛ကျေးဇူးရှိသူကို ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် “ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ” တို့ကို ကျေးဇူးတရားကြီးမားသည့် အနန္တောအနန္တငါးပါးဟု သတ်မှတ်ကြသည်။ တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို ဝိဇ္ဇာ သိပ္ပံ ဘာသာရပ်များ ကျွမ်းကျင်တတ်မြောက်ပြီး ပညာထူးချွန်သည့် လူတော်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တမြင့်မားသည့် လူကောင်းများ ဖြစ်လာစေရန် ပျိုးထောင်ပေးရာ၌ မိဘနှင့် ဆရာသည် ပဓာနကျပါသည်။ ကျောင်းသား ကျောင်းသူ လူငယ်များသည် နုနယ်သူများဖြစ်၍ မိဘ၊ ဆရာသမားများ၏ ပုံသွင်းပြုပြင်မှုအပေါ်မူတည်ပြီး လင်းလက်တောက်ပနိုင်❜**

○ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် မြတ်ဆရာတို့၏ ကျေးဇူးများကို အထူးသိမြင် ဦးထိပ်ပန်ဆင်လျက် ပူဇော်ကန်တော့လာခဲ့ကြသည့် ထုံးတမ်းစဉ်လာမှာ ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့ထိတိုင်အောင်ဖြစ်သည်။ မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝက ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် မိမိသိလိုသော ဝိသုဒ္ဓိမဂ် ခုနစ်တန်အကြောင်းကို ဟောပြနိုင်သည့် ရှင်ပုဏ္ဏထေရ်ကိုဦးထိပ်၍ ရွက်ထားလိုသည်ဟု ဆိုမိန့်ခဲ့သည်။ ထို့ပြင် ရှင်အဿဇိထေရ် ဟောကြားသော တရားတော်ကို နာကြားရသည်မှစ၍ ဗုဒ္ဓ၏တရားမှန်ကို ရခဲ့သည်ဟုဆိုကာ ဆရာဖြစ်သူ ရှင်အဿဇိထေရ် ရှိရာအရပ်ကို အမြဲတစေ ဦးခေါင်းပြု၍ ကျိန်းစက်တော်မူခဲ့သည်မှာလည်း ဆရာကို ရိုသေမြတ်နိုးခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ခြင်းပင်ဖြစ်သည်။

မင်းတုန်းမင်းသည် ငယ်ဆရာ စံကျောင်းဆရာတော်အား မိမိဘုရင်ဖြစ်လာသောအခါ ချီးမြှင့်မြှောက်စားခြင်းဖြင့် ကျေးဇူးဆပ်ခဲ့သည်။ ရှေးမြန်မာမင်းတို့သည် မိမိတို့အား တရားပြ၍ ဆုံးမသော ရဟန်းတော်တို့၏ကျေးဇူးကို သိမြင်သည့်အလျောက် ကျောင်းတော်ကြီးများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းတို့ကိုပြု၍ ချီးမြှင့်ခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်ဆရာကန်တော့ပွဲများကို ကျောင်းအလိုက် တက္ကသိုလ်အလိုက် ကျင်းပပြီး ဆရာ့ဂုဏ်ကျေးဇူးကို မမေ့မလျော့ ရိုသေစွာပေးဆပ်နေကြသည့် မြင်ကွင်းများကို တွေ့မြင်ကြရသည်မှာ ဂုဏ်ယူကြည်နူးဖွယ် မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခု ဖြစ်ပါသည်။

ကျေးဇူးရှိသူကို ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် **“ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ”** တို့ကို ကျေးဇူးတရားကြီးမားသည့် အနန္တောအနန္တငါးပါးဟု သတ်မှတ်ကြသည်။ တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများကို ဝိဇ္ဇာ သိပ္ပံ ဘာသာရပ်များ ကျွမ်းကျင်တတ်မြောက်ပြီး ပညာထူးချွန်သည့် လူတော်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တမြင့်မားသည့် လူကောင်းများ ဖြစ်လာစေရန် ပျိုးထောင်ပေးရာ၌ မိဘနှင့် ဆရာသည် ပဓာနကျပါသည်။ ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နုနယ်သူများဖြစ်၍ မိဘ၊ ဆရာသမားများ၏ ပုံသွင်းပြုပြင်မှုအပေါ် မူတည်ပြီး လင်းလက်တောက်ပနိုင်ပါသည်။

> **❛ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား ကျောင်းသူတို့၏ ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင်ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရပါမည်။ “တပည့်များစွာ၊ ငဲ့ထက်သာ၍၊ နေရာတိုင်းမှာ၊ အရေးပါ” ဆိုသည့်စကားနှင့်အညီ စည်းကမ်းရိုသေ၊ အချိန်လေးစား၊ နိုင်ငံတော်အပေါ် သစ္စာစောင့်ထိန်းသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရပါမည်❜**

သားသမီးများအတွက် မိဘများသည် မွေးဖွားသည်မှစ၍ ကျောင်းနေခွင့်မရမီ သိသင့်သိထိုက်၊ ပြောသင့်ပြောထိုက်၊ ပြုမူသင့်ပြုမူထိုက်သည်များကို ဆုံးမသင်ကြားပေးကြပါသည်။ နွေးထွေးသော မိဘရင်ခွင်မှ စာသင်ကျောင်းဆီသို့ ဦးတည်ခိုဝင်လာကြသည့်အခါတွင်လည်း ဆရာ ဆရာမတို့သည် မိမိတို့၏ တပည့်များကို ဆင်းရဲချမ်းသာမရွေး၊ အယုတ်အလတ်အမြတ်မရွေး နွေးထွေးသော ကြင်နာစွာ လက်ကမ်း၍ မေတ္တာဖြင့် ကြိုဆိုခဲ့ကြသည်။ **“လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ”** သည် ကလေးသူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးကို ပထမဦးဆုံး လွှမ်းမိုးပြုစုပျိုးထောင်သူများ ဖြစ်ကြပါသည်။ တပည့်များကို မိမိတို့၏ သားသမီးအရင်းကဲ့သို့ သဘောထားကာ တပည့်များ၏ဘဝ မတိမ်းစောင်းစေရန် မှန်ကန်တည့်မတ်အောင်မြင်ကြစေရန် စေတနာဖြင့် ပဲ့ပြင်ထိန်းကျောင်းပေးခဲ့ကြပါသည်။

ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေလျှင် အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသော သဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်းဟူသည့် ဆရာ့အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဆရာတို့သည် **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ”** ဟူသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသည့် နာသုံးနာဖြင့် တပည့်တို့အား ပညာပြည့်ဝ နှလုံးလှအောင် ပညာသင်ကြားပေးကြပါသည်။ မေတ္တာကရုဏာဖြင့် လမ်းမှားသို့ မရောက်အောင် လိမ္မာယဉ်ကျေးအောင် ပဲ့ပြင်ဆုံးမပေးကြပါသည်။ ထို့ကြောင့် သင်ဆရာ (မုတာစရိယ)၊ မြင်ဆရာ (ဒိဋ္ဌာစရိယ)၊ ကြားဆရာ (သုတစရိယ) အစရှိသော ပညာဖြန့်ဝေပေးသူကို **“အာစရိယ ဆရာ”** ဟူ၍လည်းကောင်း၊ တပည့်တို့ကို လိမ္မာအောင် ပဲ့ပြင်သွန်သင်ဆုံးမပေးသူကို **“ဥပဇ္ဈာယ်ဆရာ”** ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။ ဤကြီးမြတ်လှသော ဂုဏ်ဒြပ်နှစ်ရပ်နှင့် ကုံလုံပြည့်စုံသော ကျေးဇူးရှင်ဆရာများ၏တန်ဖိုးကား တုနှိုင်း၍မရနိုင်ပါ။

ဆရာသည် အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာ နားလည်ပြီး အမှောင်တွင်းမှ လွတ်မြောက်စေရန်၊ အမှောင်ထုအတွင်း မကျရောက်စေရန် ဆောင်ရွက်ပေးနေကြသူများဖြစ်ကြပါသည်။ ဆရာသည် လူသားအချင်းချင်း ချစ်မြတ်နိုးကြစေရန် လုပ်ပေးနိုင်သူ၊ တပည့်များ၏ဘဝနှင့် လောကကို အလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများ ဖြစ်ကြသဖြင့် လူ့အဖွဲ့အစည်း၏ခေါင်းဆောင်ဟုပင် တင်စားသတ်မှတ်ကြပါသည်။

ဆရာတို့သည် တပည့်များကို စာကိုလည်းသင်၍ စိတ်ကိုလည်း ပြင်ပေးကြရပါမည်။ လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင် လမ်းပြပေးကြရပါမည်။ အတ္တကိုယ်ကျိုးနှင့်ယှဉ်၍ ပရဟိတ အများအကျိုးဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် အသိပညာပေး ဆုံးမကြရပါမည်။ **“ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား”** ဟူသည့် မြန်မာ့စိတ်ထားကို နှလုံးသားတွင် စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရပါမည်။ နိုင်ငံ့အတွက် အမျိုးသားရေးတာဝန်များဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ် ကိန်းအောင်းတိုးပွားလာစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း သွန်သင်ညွှန်ပြပေးကြရပါမည်။

ကာယ၊ ဉာဏ၊ စာရိတ္တဆိုင်ရာ ဘက်စုံကျွမ်းကျင်သော စနစ်သစ်ပညာရေး အလျင်အမြန်အောင်မြင်စေရန်မှာ ဆရာတို့၏ အဓိကတာဝန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရေးတွင် ဆရာသည်သာ အခရာဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ့ လူ့အဖွဲ့အစည်း၏ မျိုးဆက်တိုင်း တော်သလောက်ကောင်းစေရန် လေ့ကျင့်ပေးနိုင်သည့် လူတန်းစားမှာ ဆရာများသာဖြစ်ကြပါသည်။ လူသားမျိုးဆက်ကို ထက်မြက်အောင်လေ့ကျင့်ပေးပြီး အဖွဲ့အစည်းကို မြင့်မားစေရန်၊ ငြိမ်းချမ်းစေရန် လုပ်ဆောင်နေကြသူများမှာလည်း ဆရာများပင်ဖြစ်ပါသည်။ အစဉ်တိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် ဆရာသည် မိမိနိုင်ငံသားများ ပညာရည်မြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာဆည်းပူးဖြည့်ဆည်းနေကြရမည် ဖြစ်ပါသည်။

ဆရာ၊ ဆရာမများသည် ဘဝတစ်လျှောက် အမြဲသင်ယူလေ့လာနေရသူများဖြစ်သဖြင့် အစဉ်ပြောင်းလဲနေသော ခေတ်နှင့်အညီ စာကြည့်တိုက်များ၊ စာအုပ်စာစောင်များနှင့် ခေတ်မီနည်းပညာများကို အသုံးပြုပြီး မိမိတို့၏အရည်အသွေးများ တိုးတက်နေအောင် ကိုယ်တိုင်လေ့လာသင်ယူဆည်းပူးနေကြရန် လိုအပ်ပါသည်။ မိမိသာမက မိမိတပည့်များကိုလည်း ကျောင်းပညာ၊ အတန်းပညာများ ပြီးဆုံးပြီးနောက် စာအုပ်စာပေဖတ်ရှုကာ ဘဝတစ်သက်တာ လေ့လာသင်ယူတတ်သူများဖြစ်စေရန် လမ်းညွှန်ပြသပေးကြရမည်ဖြစ်ပါသည်။

ဆရာများသည် တပည့်များအား ပညာကို တတ်မြောက်အောင် သင်ကြားပေးကာ အသိအမြင်၊ ဗဟုသုတများရှိအောင် လမ်းညွှန်ပြသရန် လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာတတ်သော နိုင်ငံသားများ ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်များရရှိနိုင်ရေး ဥပဒေပညာရပ်ကို တက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသကဲ့သို့ Grade 11 နှင့် Grade 12 အတန်းများတွင် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးကြရမည်ဖြစ်ပါသည်။

ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင်ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရပါမည်။ **“တပည့်များစွာ၊ ငဲ့ထက်သာ၍၊ နေရာတိုင်းမှာ၊ အရေးပါ”** ဆိုသည့်စကားနှင့်အညီ စည်းကမ်းရိုသေ၊ အချိန်လေးစား၊ နိုင်ငံတော်အပေါ် သစ္စာစောင့်ထိန်းသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရပါမည်။

ယခုအခါ မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိရာ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် ပင်ကိုအရည်အချင်း၊ စွမ်းရည်များပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရှင်သန်အားကောင်းနေရန် လိုအပ်ပါသည်။ ထို့ကြောင့် ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့်ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး သယ်ပိုးကြမည့် အနာဂတ်နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဆရာ၊ ဆရာမများသည် တပည့်များကို အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် သင်ကြားပြသပေးနေကြသည်ဖြစ်ရာ ဆရာ၊ ဆရာမများ ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး ပညာအရည်အချင်းအလိုက် ခံစားခွင့်များ ထပ်ဆောင်းချီးမြှင့်ခဲ့ကာ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ် ထောက်ပံ့ပေးသကဲ့သို့ ဆရာ၊ ဆရာမ အိမ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ဆောင်ပုဒ်အဖြစ် **“ဆရာများ၏ ရင်ဖွင့်သံကို အလေးထားကြပါစို့ (Valuing Teachers' Voices)”** ဟုသတ်မှတ်ထားသည်နှင့်အညီ ဆရာများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ၊ စိန်ခေါ်မှုများကို အာရုံစိုက်ဖြေရှင်းပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် ဆရာများ၏ ကျွမ်းကျင်သော အတတ်ပညာများကို အမိအရ ရယူကြ၍ မိမိတို့ဘဝနှင့် နိုင်ငံတော်အတွက် အသိပညာကြွယ်ဝပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိအောင် သင်ယူလေ့လာကြပါရန် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် သာယာချမ်းမြေ့ကြပါစေ။

# ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများ ရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသော ကုန်ကျစရိတ်များဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဟသ်ာတမြို့နယ်၌ ကမ်းပြိုကမ်းစားအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ကျောင်းကုန်းမြို့နယ်၌ စပါးစိုက်ပျိုးနေမှုများ ကြည့်ရှုအားပေး

ပုသိမ် အောက်တိုဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီးရှိ တာတမံအခြေအနေနှင့် ကမ်းပြိုကမ်းစားအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟသ်ာတမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု သဃ်န်းတောကျေးရွာနှင့် လေးမျက်နှာမြို့ အမှတ်(၃)ရပ်ကွက်တို့၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေးသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် လေးမျက်နှာမြို့နယ် စတုမုခ ထူပါရုံစေတီတော် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ အလှူငွေများပေးအပ်လှူဒါန်းသည်။



ဆက်လက်၍ ငါးသိုင်းချောင်းမြို့ သဘော့ကုန်းကျေးရွာ၌ သန်းခေါင်စာရင်းကောက်ယူနေမှု၊ ငါးသိုင်းချောင်းမြို့ ကျောက်ချောင်းကျေးရွာရှိ တောင်သူ ဦးအောင်မျိုးထက်၏ စိုက်ဧက ၅ ဒသမ ၈၅ ဧကတွင် ဆင်းသုခစပါးမျိုးအား ကောက်စိုက်စက်များဖြင့် အစားထိုးပြန်လည် စိုက်ပျိုးနေမှုနှင့် ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက်၌ သန်းခေါင်စာရင်းကောက်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျုံပျော်မြို့နယ် အားကစားခန်းမတွင် ပြုလုပ်သည့် တွေ့ဆုံပွဲသို့တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍ၌ မိမိတို့ တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် နိုးကြားသောအသိ၊ သတိဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်များမှ တောင်သူများထံ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျုံပျော်မြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ တောင်သူ ဦးစိန်မောင်၏ စိုက်ဧက ၃ ဒသမ ၅ ဧကတွင် GW–11 စပါးမျိုးအား စံကွက်ရိတ်သိမ်းနေမှု၊ ကျောင်းကုန်းမြို့နယ် ပန်းတောရိုးကျေးရွာရှိတောင်သူ ဦးအောင်မျိုးသန်း၏ စပါးပျက်စီး စိုက်ဧက ၁၇ ဧကနှင့် တောင်သူ ဦးမင်းမင်းဦး၏ စိုက်ဧက ၁၀ ဧကတွင် ဆင်းသုခစပါးမျိုးအား ကောက်စိုက်သမများ၊ မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကလေးမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတုတ္ထနေ့ ဆက်လက်ကောက်ယူ

ကလေး အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းတွင်စတင်ခဲ့ရာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတုတ္ထနေ့ ဆက်လက်ကောက်ယူခြင်းကို ကလေးခရိုင်သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင်များ၊ ကလေးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်း၍ ကြည့်ရှုအားပေးခဲ့သည်။

ခရိုင်(ပြန်/ဆက်)

## ကန့်ကြီးထောင့်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ ကြည့်ရှုအားပေး

ကန့်ကြီးထောင့် အောက်တိုဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအား မြို့နယ်စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင် ဆက်လက်၍ ကွင်းဆင်းကောက်ယူလျက်ရှိသည်။



အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ပုသိမ်ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးရည်မွန်၊ အတွင်းရေးမှူး (ခရိုင်လဝကဦးစီးမှူး) ဒေါ်သန္တာမြင့်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး)ဦးမြင့်အောင်၊ အတွင်းရေးမှူး (မြို့နယ်လဝကဦးစီးမှူး) ဦးကျော်ဆွေ၊ ကရင်စာပေယဉ်ကျေးမှုအသင်းတို့က တကုန်းကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကုန်းကျေးရွာတွင် စာရင်းစစ်၊ စာရင်းကောက်များက Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျ ကွင်းဆင်းကောက်ယူနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများကို ရပ်ကွက်ခုနစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၃ အုပ်စု၊ ကောက်ကွက် ပေါင်း ၃၂ ကွက်တို့၌ စာရင်းစစ် ၃၆ ဦး၊ စာရင်းကောက် ၁၂၅ ဦးတို့ဖြင့် ကောက်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

❖ **သီတင်းကျွတ်ပိတ်ရက်မှ**

ပုဂံဒေသ၌ နာမည်ကြီးဘုရား အဆူဆူများအပြင် မင်းနန်သူရွာ၊ ပုပ္ပားတောင်ကလပ်၊ အလိုတော်ပြည့်၊ ငှက်ပစ်တောင်၊ ရှင်အရဟံ အုတ်ကျောင်းတော်၊ ကန်တော့ပလ္လင်၊ မြစေတီ၊ မနူဟာဘုရား၊ ရာဇကုမာရ်ကျောက်စာ၊ ဂူပြောက်ကြီး၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ အာနန္ဒာ၊ ဗူးဘုရား၊ တုရင်တောင်စွယ်တော်၊ လောကနန္ဒာစွယ်တော်၊ ရွှေစည်းခုံ၊ တာမဏိပြည့်ဘုရား၊ ပြည့် ၅ ပြည့် အပါအဝင် ညနေ နေဝင်ချိန်ကြည့်ရန် SunSet ကုန်းနှင့် မင်းနန်သူရွာအစရှိသည့်နေရာများမှာ ခရီးသွားများစိတ်ဝင်စားကြသည့်နေရာများ ဖြစ်ကြောင်းသိရသည်။

သီတင်းကျွတ်ကာလအတွင်း တောင်ကြီး၊ အင်းလေး၊ ကလောဘက်တို့တွင် သဘာဝရေဘေးကြောင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေကြသည့်အတွက် ပုဂံဒေသသို့ ပိုမိုသွားရောက်ကြခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ပုဂံမှာ ရာသီဥတုကလည်း အဆင်ပြေတယ်။ မိုးနည်းဒေသလည်းဖြစ်တော့ အများကြီးမိုးရွာတာလည်းမရှိဘူး။ ရန်ကုန်မှာ ရွာသလောက်တောင်မရှိဘူး။ ကျွန်မတို့ကတော့ အပတ်စဉ် ထွက်နေကျဆိုတော့ အဆင်ပြေတယ်။ တခြားဒေသထက်စာရင် ပုဂံဒေသကိုတော့ ခရီးသွားတွေက စိတ်ဝင်စားမှုပိုတယ်" ဟု ၎င်းကပြောသည်။

Thit Taw

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာဂျစ်ဒုတိယဝန်ကြီးချုပ်၊ နီပေါနိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဒိုဟာမြို့၌ သီးခြားစီတွေ့ဆုံ

ဒိုဟာ အောက်တိုဘာ ၄

တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် ဒိုဟာမြို့၌ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အောက်တိုဘာ ၃ ရက်က ကာဂျစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာအီဒေးဘိုင်ဆလေ့ဗ်နှင့် လည်းကောင်း၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာဇူရာနာဒူဘာနှင့် လည်းကောင်း ဒိုဟာမြို့ရှိရစ်ကာလ်တန်ဟိုတယ်၌ တွေ့ဆုံသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကာဂျစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာအီဒေးဘိုင်ဆလေ့ဗ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ကာဂျစ် ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားပြီး မြန်မာ-ကာဂျစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုလသမဂ္ဂနှင့် အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နီပေါနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် နီပေါ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ကျောင်းသားဖလှယ်ရေး အစီအစဉ်များ ဖော်ထုတ်ရေး၊ အေစီဒီနှင့် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကိုတိုက်ဖျက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်ရေးအပေါ် မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုများကို ထည့်သွင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဒိုဟာမြို့သို့အသွား ဗန်ကောက်မြို့၌ ခရီးတစ်ထောက်ရပ်နားစဉ် အောက်တိုဘာ ၁ ရက်က ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်နှင့် ဗန်ကောက်မြို့ရှိ အင်တာကွန်တီနန်တယ်လ် ဟိုတယ်၌ တွေ့ဆုံခဲ့ပြီး မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အေစီဒီ၊ အာဆီယံနှင့် ဘင်းမ်စတက် မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လာမည့် ၂၀၂၅ ခုနှစ်တွင် အေစီဒီဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ အရေးပါသည့် အခန်းကဏ္ဍအပေါ် ကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

**မိန့်ခွန်းပြောကြားခဲ့**

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည်လည်း ထိပ်သီးအစည်းအဝေး ကာလအတွင်း အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည့် စီးပွားရေးဖိုရမ်နှင့် စီးပွားရေးဆိုင်ရာ အစည်းအဝေးများ(B2B Meetings)သို့ တက်ရောက်ကာ စီးပွားရေးဖိုရမ်၌ မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ၎င်း၏ မိန့်ခွန်း၌ အေအိုင်/ဉာဏ်ရည်တု နည်းပညာ၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုနှင့် သက်ဆိုင်သည့် စီးပွားရေးပုံစံသစ်များနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။

အလားတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးသည် အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည့် အားကစားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မန္တလေးနည်းပညာတက္ကသိုလ်၌ ကျောင်းသားများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် အောက်တိုဘာ ၁ ရက်က မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး စာမေးပွဲခန်းများအတွင်း ကျောင်းသား ကျောင်းသူများ အင်ဂျင်နီယာဘာသာရပ်အလိုက် အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် မန္တလေးနည်းပညာတက္ကသိုလ်၌ ကျင်းပသည့် အင်ဂျင်နီယာပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက္ကသိုလ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ သုတ၊ ရသ စာအုပ်များကို တက္ကသိုလ်တာဝန်ခံ ဒုတိယပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တက္ကသိုလ်၏ Master Plan နှင့် ဥပမိရုပ်တင့်တယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမှန်တကယ် အထောက်အကူပြုနိုင်မည့် အင်ဂျင်နီယာလူငယ်များကို စံနှုန်းများအတိုင်း စဉ်ဆက်မပြတ် ပျိုးထောင်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# ကျောင်းဆရာဆိုတာ နိုင်ငံကာကွယ်ရေးမှာလည်း တာဝန်ရှိသူများပါ

ဒေါက်တာမောင်သင်း

(ယမန်နေ့မှအဆက်)

**(င) အဓမ္မကိုတွန်းလှန်ပြီး ဓမ္မလွှမ်းမိုးရေးကို တာဝန်ယူနေကြသူများ**

ကမ္ဘာ့နိုင်ငံများအချင်းချင်း ဖြစ်ပွားနေသော စစ်ပွဲများ၊ ပြည်တွင်းစစ်များနှင့် ပြည်သူများအကြား မပြေလည်မှုများ၊ ပဋိပက္ခများ၊ အဓိကရုဏ်းများ ဖြစ်နေကြခြင်းသည် အစွန်းရောက်မှုအယူအဆများ အားကြီးပြီး တရားမျှတမှု အားနည်းခြင်းကြောင့်ပါ။ ပြီးနောက် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုအားနည်းကြသည်လည်း ပါပါသည်။ ထိုအဖြစ်မျိုးကို ပညာကိုယ်ခံစွမ်းအား ကျဆင်းနေသောဒေသများတွင် တွေ့ရပါသည်။ အာဖရိကနှင့် အရှေ့ဥရောပနိုင်ငံများက ထင်ရှားသောသာဓကများပါ။ ပညာရည်မြင့်မားသည့် ဒေသများတွင် မတွေ့ရပါ။ အနောက်ဥရောပနိုင်ငံများ၊ ကနေဒါနှင့် ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများက သက်သေခံနေပါသည်။ ဘက်စုံအတွေးအခေါ်မှန်ကန်သည့် ပညာဉာဏ်ရင့်သန်မှုသည် ပဋိပက္ခကင်းဝေးရေး၏ အခြေခံအုတ်မြစ်ပါ။ တပည့်များကို သူ့ဘက်၊ ကိုယ့်ဘက်တွေးတတ်၊ မြော်မြင်တတ်သော မျိုးဆက်များအဖြစ် လေ့ကျင့်နိုင်သည့်သူများက ကျောင်းဆရာများပါပဲ။

ထိုသို့ ကမ္ဘာ၌ ပညာမဲ့မှုကြောင့် အဓမ္မလွှမ်းမိုးသည်ကို မျိုးဆက်တစ်ခုပြီးတစ်ခု ပညာစွမ်းအားဖြင့် တိုက်ဖျက်နိုင်စွမ်းရှိသည့်သူများမှာ **"ကျောင်းဆရာ"** များဖြစ်သည်ကို အသိအမှတ်ပြုပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့လေးဖွဲ့က အောက်တိုဘာလ ၅ ရက်နေ့ကို **"ကမ္ဘာ့ဆရာများနေ့"** အဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြပါသည်။ ငြိမ်းချမ်းရေးကို တည်ဆောက်ပြီး ကာကွယ်ထိန်းသိမ်းကြမည့် ငြိမ်းချမ်းရေးဗိသုကာများက ကျောင်းဆရာများဖြစ်သည်ဟု ခံယူထားကြလို့ပါ။

လူ့အဖွဲ့အစည်းတွင် အစွန်းရောက်မှုကင်းဝေးရေးနှင့် တရားမျှတမှုများ လွှမ်းမိုးရေးမှာ ကျောင်းဆရာများက လေ့ကျင့်ပေးလိုက်သည့် မျိုးဆက်သစ်များ၏ လူမှုပြဿနာအဝဝကို ဓမ္မဓိဋ္ဌာန်ကျနစွာ ချဉ်းကပ်နိုင်မှုစွမ်းအားအပေါ် မှီတည်နေပါသည်။ ကျောင်းဆရာများက ခေတ်အဆက်ဆက်တွင် ပြည်သူများကို **"အသိဉာဏ်ဖွင့်၊ ဉာဏ်ပညာမြှင့်တင်ပေးရင်း လူအချင်းချင်း ဒုက္ခရောက်စေမည့် အဓမ္မဖြစ်ရပ်များ ကင်းစင်ပပျောက်စေပြီး တရားမျှတမှု (ဓမ္မ) လွှမ်းမိုးအောင် တာဝန်ယူနေကြသူများပါ။"** ကျောင်းဆရာသည် တပည့်များကို လိမ္မာယဉ်ကျေးကာ နူးညံ့စိတ်ထားများ ပိုင်ဆိုင်အောင် လေ့ကျင့်ပေးပြီး လူ့ဘောင်လောက ထာဝရငြိမ်းချမ်းသာယာအောင် ဆောင်ရွက်နေကြသူများပါ။

**(စ) ဒီမိုကရေစီအရည်အသွေးပြည့် နိုင်ငံသားများ မွေးထုတ်ပေးနေသူများ**

မြန်မာ့လူ့အဖွဲ့အစည်းကို ဒီမိုကရေစီရှင်သန်ဖို့ အလေးပေးနေသည့်အချိန်တွင် ကျောင်းဆရာက ဒီမိုကရေစီ၏ **"စိတ်ထား" "စံ"၊ "အကျင့်"** များကို မျိုးဆက်သစ်များတွင် ကြွယ်ဝနေအောင် မလွဲမသွေ လေ့ကျင့်ပေးရပါလိမ့်မည်။ ထိုသို့လေ့ကျင့်ရာတွင် တပည့်များကို သည်းခံစိတ်ရှိအောင်၊ ကိုယ်နှင့် အမြင်မတူသောသူများအပေါ် နားလည်စာနာမှုထားတတ်အောင် လေ့ကျင့်ပေးနိုင်ရပါမည်။ သို့မှသာ ငါသာအမှန်ဟူသော အယူမှား ဒိဋ္ဌိမာနတို့ကို လျှော့ချနိုင်ပြီး တစ်ဖက်သားကို နားလည်ပေးနိုင်သူ၊ စာနာစိတ်ရှိသူများ အနာဂတ်လူ့ဘောင်တွင် ပေါကြွယ်ဝနေပါမည်။ ထိုသူများကသာ လူ့ဘောင်ငြိမ်းချမ်းအောင် ဆောင်ရွက်နိုင်လို့ပါ။

တပည့်များကို ဘဝနောက်ခံမတူ၊ ကွဲပြားသူများနှင့် ဘုံရည်မှန်းချက်အတွက် အတူတကွ ပူးပေါင်းအလုပ်လုပ်တတ်အောင် လေ့ကျင့်ပေးရပါမည်။ ကျောင်းကောင်စီဖွဲ့စည်းပြီး အတန်းအကျိုး၊ ကျောင်းအကျိုးသယ်ပိုးနိုင်စွမ်းရှိသူ ကျောင်းသားကိုယ်စားလှယ်ကောင်းကို ရွေးချယ်တတ်သော အလေ့အကျင့်ကောင်းများရအောင် ဖန်တီးပေးရပါမည်။ အသင်းစွဲ၊ အတန်းစွဲ၊ ကျောင်းစွဲမှသည် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပဋိပက္ခများကို ဖြစ်ပေါ်စေခြင်းမှ ကင်းနိုင်သမျှကင်းအောင် ရှောင်ရှားနိုင်ပြီး မျိုးဆက်သစ်များကို ယထာဘူတကျကျ တွေးခေါ်တတ်အောင် သင်ကြားလေ့ကျင့်ပေးရန် ကျောင်းဆရာများမှာ အဓိကတာဝန်ရှိပါသည်။

ပါတီ၊ အဖွဲ့အစည်း၏ အထက်တွင် နိုင်ငံရှိသည်ဆိုသည်နှင့် နိုင်ငံ၏ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာတည်မြဲမှုက ပါတီတိုင်းတွင် တာဝန်ရှိပြီး ယင်းကို ထိန်းသိမ်းရန် အရေးကြီးကြောင်း မဖြစ်မနေ သင်ကြားပေးရပါမည်။ အငြင်းပွားစရာကိစ္စများ ပေါ်ပေါက်လာလျှင် ကျောင်းဆရာက အဂတိတရားကင်းကင်းဖြင့် သမာသမတ်ရှိရှိ အဖြေရှာပေးခဲ့ရပါမည်။ ကျောင်းဆရာ၏ တွေးခေါ်စဉ်းစားချဉ်းကပ်ပုံမှာ သိပ္ပံနည်းကျရမည်၊ ဓမ္မဓိဋ္ဌာန်ဖြစ်ရပါမည်။ အဂတိတရားလေးပါးဖြစ်သည့် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ ကင်းရှင်းစွာ သင်ပေး၊ အဖြေရှာပေးပြီး အဆိုပါတရားလေးပါးကင်းစွာ ပြုမူနေထိုင်တတ်သူဖြစ်အောင် လေ့ကျင့်ပေးရပါလိမ့်မည်။ ဤသည်မှာ ဒီမိုကရေစီပြည့်ဝသည့် နိုင်ငံသားကောင်း၏ အကျင့်နှင့်လက္ခဏာပါ။

❛ပါတီ၊ အဖွဲ့အစည်း၏အထက်တွင် နိုင်ငံရှိသည်ဆိုသည်နှင့် နိုင်ငံ၏ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာတည်မြဲမှုက ပါတီတိုင်းတွင် တာဝန်ရှိပြီး ယင်းကို ထိန်းသိမ်းရန် အရေးကြီးကြောင်း မဖြစ်မနေသင်ကြားပေးရပါမည်။ အငြင်းပွားစရာကိစ္စများ ပေါ်ပေါက်လာလျှင် ကျောင်းဆရာက အဂတိတရားကင်းကင်းဖြင့် သမာသမတ်ရှိရှိ အဖြေရှာပေးခဲ့ရပါမည်။ ကျောင်းဆရာ၏ တွေးခေါ်စဉ်းစားချဉ်းကပ်ပုံမှာ သိပ္ပံနည်းကျရမည်၊ ဓမ္မဓိဋ္ဌာန်ဖြစ်ရပါမည်။ အဂတိတရားလေးပါးဖြစ်သည့် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ ကင်းရှင်းစွာ သင်ပေး၊ အဖြေရှာပေးပြီး အဆိုပါတရားလေးပါးကင်းစွာ ပြုမူနေထိုင်တတ်သူဖြစ်အောင် လေ့ကျင့်ပေးရပါလိမ့်မည်။ ဤသည်မှာ ဒီမိုကရေစီပြည့်ဝသည့် နိုင်ငံသားကောင်း၏ အကျင့်နှင့်လက္ခဏာပါ❜

မြန်မာတို့၏ ပန်းတနော်အမျိုးသားကျောင်းအုပ်ဆရာကြီးဦးသန့်က **"ကျောင်းတွင်း ဒီမိုကရေစီသည် ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်ကြီးသာလျှင်ဖြစ်၏"**ဟူ၍ ခေတ်ကိုကြိုမြင်ကာ မီးမောင်းထိုးပြခဲ့ပါသည်။ ကျောင်းတွင်းဒီမိုကရေစီမှသည် မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်းဆီသို့ ကြွားဝင့်စွာ ချီတက်နိုင်အောင် ဦးဆောင်လမ်းပြနေသူများကား ကျောင်းဆရာများပါ။ မြန်မာ့လူ့အဖွဲ့အစည်း၏ ဒီမိုကရေစီပန်းတိုင်ကို ချီတက်ရာလမ်းတွင် ခလုတ်တံသင်းကင်းဝေးအောင် ကြိုးပမ်းမည့်သူများက ကျောင်းဆရာများပင် ဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းနိုင်ရန် **"ဒီမိုကရေစီအစ စာသင်ကျောင်းက"** ဆိုသည်ကို ကျောင်းဆရာများက လေးနက်စွာခံယူပြီး မိမိကိုယ်တိုင်ကလည်း လက်တွေ့ကျင့်သုံးနေမှသာ မြန်မာ့ဒီမိုကရေစီခရီးလမ်းလည်း ဖြောင့်ဖြူးသာယာပါလိမ့်မည်။

**(ဆ) ဘိုးဘွားအမွေအစစ်ကို ထိန်းသိမ်းမြှင့်တင် စောင့်ရှောက်နေသူများ**

ခေတ်အဆက်ဆက် တည်တံ့ခဲ့သည့်ပညာရေး၏ ရည်ရွယ်ချက်နှစ်ချက်မှာ–

(က) လူမျိုးတိုင်းက မိမိ၏ ဘိုးဘွားအမွေအနှစ်ကို မြတ်နိုးတတ်၊ ချစ်တတ်ပြီး ကာကွယ်စောင့်ရှောက်တတ်မှုရှိအောင် လေ့ကျင့်ပေးရန်၊

(ခ) နောက်မျိုးဆက်သစ်များ အတွက် ကောင်းမွန်သော အမွေအနှစ်များ လက်ဆင့်ကမ်း ထားရစ်ခဲ့ရန်ဆိုသည့် ခံယူချက်ရှိသူများ မွေးထုတ်ပေးရန်. . တို့ဖြစ်ပါသည်။

**"ဘိုးဘွားအမွေစစ်"** အဓိပ္ပာယ်အစစ်အမှန်ကို ကျောင်းဆရာများက တပည့်မျိုးဆက်သစ်များကို ရှင်းပြ၊ သင်ပြပေးရပါမည်။ ပြီးလျှင် ဘာကြောင့် ထိုအမွေကို ချစ်ထိုက်၊ မြတ်နိုးထိုက်ပြီး မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် တာဝန်ရှိကြောင်းကိုပါ သင်ပေးရပါမည်။ ထိန်းသိမ်းရုံနှင့်တင် မပြီးသေးပါ။ မိမိလက်ခံရရှိသော ဘိုးဘွားအမွေအနှစ်များကိုလည်း သားစဉ်မြေးဆက်၊ ချစ်ထိုက်၊ မြတ်နိုးထိုက်၊ ကာကွယ်ထိုက်သည့် အဖြစ်မျိုးရောက်အောင် မြှင့်တင်ပေးရမည်ဆိုသည့် ခံယူချက်ရှိလာသည်အထိ လေ့ကျင့်ပေးရမှာပါ။ ထို့နောက်တွင် နောက်မျိုးဆက်ကို လက်ဆင့်ကမ်းပေးဖို့ တာဝန်ရှိကြောင်းကိုပါ သင်ကြားပေးရန် လိုပါသည်။

ဘိုးဘွားအမွေအနှစ်ဆိုသည်မှာ နိုင်ငံအတွင်းရှိ ရေ၊ မြေ၊ တောတောင်၊ သယံဇာတများသာမကပါ။ မိမိလူမျိုး၏ စံထားအပ်သော မြင့်မားသည့်စိတ်ထားများ **(သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်၊ သူများထက်နိမ့်ကျတာမခံချင်စိတ်၊ မိမိအမျိုးကိုမြှင့်တင်လိုစိတ်၊ မိမိလူမျိုးကို ဂုဏ်ယူတန်ဖိုးထားစိတ်၊ ရိုးသားမှုကို ဂုဏ်ယူစိတ်၊ မတရားမှုကိုရွံမုန်းစိတ်)** ပြီးနောက် နိုင်ငံလွတ်လပ်ရေး၊ ကိုယ်ပိုင်အချုပ်အခြာအာဏာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် မိမိလူမျိုး၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုပညာ၊ ရိုးရာဓလေ့များ အားလုံးသည်လည်း မိမိတို့ ဘိုးဘွားများဆီကရခဲ့သည့် မည်သို့မျှ၊ မည်သူမှ တန်ဖိုးဖြတ်နိုင်စွမ်းမရှိသည့် အမွေအစစ်များဖြစ်ပါသည်။

အဆိုပါအမွေအစစ်၏ တန်ဖိုးများကို ကျောင်းဆရာကိုယ်တိုင်က နားလည်၊ သိရှိ၊ တန်ဖိုးထားပြီး မိမိ၏ တပည့်များဆီကို လက်ဆင့်ကမ်းပေးရမှာပါ။ ပြီးနောက် ယခုခံစား၊ စံစားနေသည့် ဘိုးဘွားများ၏ အမွေအားလုံးသည် သူတို့၏အသက်၊ သွေး၊ ချွေး၊ အမြော်အမြင်ကြီးမားမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် စုပေါင်းညီညာစွာ ဆောင်ရွက်ခဲ့ကြလို့ရခဲ့တာပါ။ ဘိုးစဉ်ဘောင်ဆက် အသက်သွေးနှင့်ပေးပြီးမှ ဖြစ်ထွန်းလာသည့်အမွေအစစ်မှာ တိကျသည့် နယ်နိမိတ်ကို ပိုင်ဆိုင်ခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် အချုပ်အခြာအာဏာ တည်တံ့ခြင်းဆိုသည့် အသီးအပွင့်များကိုရရှိပြီး ယခုမျိုးဆက်များက အဆိုပါအမွေကို သခင်နိုင်ငံသားများအဖြစ် မြိန်ရေရှက်ရေ စားသုံးနေရပါသည်။ ဘယ်သူ့အတွက် ဘိုးဘွားများက ဆောင်ရွက်ခဲ့သည်လည်းဆိုလျှင် နောင်မျိုးဆက်များအတွက်ပါဆိုတာကိုလည်း ထင်ရှားအောင် သင်ပေးရပါမည်။

**အဆိုပါ ဘိုးဘွားအမွေအစစ်များ ပျောက်ကွယ်သွားခဲ့လျှင် လွတ်လပ်ရေးလည်း ဆုံးရှုံး၊ အချုပ်အခြာအာဏာလည်း ကွယ်ပျောက်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ကာ ပြည်ထောင်စုနိုင်ငံဆိုသည်ပါ ပျက်သုဉ်းပြီး ကျွန်ဘဝသို့ ပြန်လည်ရောက်သွားနိုင်ပါသည်။** ထို့အပြင် လူမျိုးတစ်မျိုးဟု အသိအမှတ်ပြုနိုင်သော ဘာသာစကား၊ စာပေ၊ ဂီတ၊ အနုပညာများလည်း ကွယ်သွားလျှင် မျိုးဆက်သစ်များကို

စာမျက်နှာ ၇ သို့ ☆



# ပိဋကတ်သုံးပုံ ပါဠိတော် ဆဋ္ဌသင်္ဂါယနာမူ မြန်မာ/ရိုမန် ၅၃ ကျမ်း၏ (In Design- AI + Offset Form) (softy copy) (Hard disk) ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၄**

မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျောက်ထက်အက္ခရာ ရေးထိုးထားသော ပိဋကတ် သုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်း၏ (In Design– AI + Offset Form) (softy copy) (Hard disk) ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဇဟိုဆောင် ဘာဝနာ မဟာသဘာ တရားထိုင်ခန်းမ၌ ကျင်းပသည်။




**ပေးအပ်လှူဒါန်း**

အဆိုပါ လှူဒါန်းပွဲတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦးနှင့် ကျမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေရေးကော်မတီဝင်တို့က ဗီယက်နမ်နိုင်ငံမှ ဆရာတော်ကိုယ်စား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါရဂူဘွဲ့သင်တန်းသား ဗီယက်နမ် ရဟန်းတော် ဘဒ္ဒန္တပညာဒီပ(Vo Van Nhut)နှင့် ဗီယက်နမ် ရဟန်းတော်များ၊ သီလရှင်များထံ ပိဋကတ်သုံးပုံပါဠိတော် ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်း၏ (In Design– AI + Offset Form) (softy copy) (Hard disk)ကို ပေးအပ်လှူဒါန်းကြသည်။

ပိဋကတ်သုံးပုံ ပါဠိတော်ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်းကို မြန်မာ/ရိုမန်အက္ခရာဖြင့် စိစစ်တည်းဖြတ်ရာတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပထမမြောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ သီလာနန္ဒာဘိဝံသနှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သော ဗီယက်နမ်နိုင်ငံသား ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုသလဂုဏ၏ မေတ္တာရပ်ခံချက်အရ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပ တိုးတက်ပြန့်ပွားစေရန်နှင့် ဗီယက်နမ်နိုင်ငံတွင် ပိဋကတ်သုံးပုံပါဠိတော် ဆဋ္ဌသင်္ဂါယနာမူ ၅၃ ကျမ်းအား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် စာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရန် ယခုကဲ့သို့ ပေးအပ်လှူဒါန်း ဓမ္မဒါနပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၁၁) ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးဖွင့်လှစ်သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုနှင့် သတင်းရေးသားနည်း အခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၁၁)တွင် အမျိုးသားစာပေတစ်သက်တာဆုရှင်များ ဖြစ်ကြသော ဆရာကြီး တက္ကသိုလ်မြတ်သူ၊ ဒေါက်တာထွန်းတင့်၊ လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ သုရဇော်၊ ကြူကြူသင်း၊ မစန္ဒာ၊ မြင်းမူမောင်နိုင်မိုးတို့နှင့်အတူ အမျိုးသားစာပေဆုနှင့် နိုင်ငံတော်အဆင့်စာပေဆု ရရှိခဲ့ကြသူများဖြစ်ကြသော မမိုးမြေ၊ မနှင်းဖွေး၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်စိုး(လှိုင်)၊ ပုသိမ်အောင်သန်းဦး၊ အောင်ကြည်ညွှန့်(တက္ကသိုလ်)၊ ဆွေဇင်ညွှန့်တို့က သင်ကြားပို့ချကြမည်ဖြစ်သည်။ သင်တန်းကာလကို နိုဝင်ဘာ ၄ ရက်မှ ၂၈ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် သင်တန်းကြေး ငွေကျပ် ငါးသောင်း ပေးသွင်းရမည်။ အသက် ၁၆ နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ်(၁၇၃/၁၇၅) (၇)လွှာ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ တွင် စုံစမ်းနိုင်သည်။ အောက်တိုဘာ ၂၈ ရက် နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်းနှင့် သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်မကျဘဲ စာရင်းပေးသွင်းကြရန်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လင်းခေးမြို့၌ သန်းခေါင်စာရင်းကောက်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



**လင်းခေး အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်/စာရင်းကောက်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် လင်းခေးမြို့ အခြေခံပညာအထက်တန်း ကျောင်း(ပတ္တမြားခန်းမ)၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနေဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ထွန်းလတ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းတင်မိုးဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်တို့က အဆိုပါစာရင်းစစ်/စာရင်းကောက် ခန့်အပ်လွှာများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ပြီး သင်တန်းသားကျောင်းဆရာ ဆရာမစုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**

☆ စာမျက်နှာ ၆ မှ

**ဘာလူမျိုးရယ်လို့သတ်မှတ်၍ မဖြစ်တော့သည့်အတွက် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါသည်။ ထိုဘဝမျိုးမရောက်အောင် ဘိုးဘွားအမွေအစစ်ကို မဖြစ်မနေ ထိန်းသိမ်းသင့်ကြောင်း သင်ပြရမှာပါ။**

ဘိုးဘွားများ ထိန်းသိမ်းကာကွယ်ကာချန်ထားခဲ့သည့် ရေမြေတောတောင်နှင့် သဘာဝသယံဇာတများသည် ယခုမျိုးဆက်တစ်ဆက်တည်းအတွက်သာ သုံးစွဲရန်မဟုတ်ကြောင်းနှင့် နောင်မျိုးဆက်များ၏ဘဝ ပြည့်စုံကောင်းမွန်ရေးအတွက်ပါ ရည်ရွယ်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လိုသလောက်သာ သုံးစွဲသင့်ကြောင်း၊ အလွန်အကျွံသုံးစွဲမှုမျိုးကို ရှောင်ရှားသင့်ကြောင်း၊ နောင်မျိုးဆက်သစ်များ သုံးစွဲရန် မဖြစ်မနေချန်ထားသင့်ကြောင်း၊ ဘိုးဘွားများထားခဲ့သော ရေ၊ မြေ၊ တော၊ တောင်သဘာဝများကို ပျက်စီးစေမှုမှ ရှောင်ရှားသင့်ကြောင်း၊ မရှောင်ရှားခဲ့ပါက ရာသီဥတုဖောက်ပြန်မှုနှင့် ရေ၊ မြေ၊ လေထုညစ်ညမ်းမှုကြောင့် သဘာဝဘေးဒဏ်အမျိုးမျိုးကို ခံရနိုင်ကြောင်း စသည့်ဆိုးကျိုးများကို သိရှိပြီး အလေးထားတတ်အောင် သင်ပေးရပါမည်။

သို့မှသာ ဘိုးဘွားအမွေအစစ်ကို မြတ်နိုးထိန်းသိမ်းနိုင်ပါမည်။ နောင်မျိုးဆက်များကိုလည်း ချစ်တတ်၊ မြတ်နိုးတတ်၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်ပြီး နောက်မျိုးဆက်သစ်များအတွက် **"အမွေကောင်း၊ အမွေမြတ်"**အား လက်ဆင့်ကမ်းပေးရမည်ဆိုသည့် စိတ်ထားနှင့် လက်ဆင့်ကမ်းပေးနိုင်သော ခွန်အားများ ပြည့်စုံအောင် သင်ပေး၊ လေ့ကျင့်ပေးရပါမည်။

**ငါတို့ဟာ "မြန်မာ"နှင့်**

**ငါတို့ဟာ "မြန်မာနိုင်ငံသား"ပါ**

နိုင်ငံသားတိုင်းကို ဝင်ရောက်ဖျက်ဆီးနေသည့် အထက်ပါကြီးမားသည့် နိုင်ငံဖျက်၊ အမျိုးဖျက် အန္တရာယ်ခုနစ်သွယ်ကို ကြံ့ကြံ့ခံ တွန်းလှန်ကာကွယ်နိုင်မည့် အရင်းခံအကြောင်းတရားမှာ ကျောင်းဆရာများတွင်ရော သူတို့က လေ့ကျင့်ပေးလိုက်သည့် မျိုးဆက်သစ် နိုင်ငံသားတိုင်းမှာပါ **"အမျိုးသားရေးကိုယ်ခံစွမ်း အား"** ကြွယ်ဝနေဖို့ပါပဲ။ တကယ်တော့ အမျိုးသား ရေးစိတ်ဓာတ်ဆိုသည်မှာ ဘိုးဘွားများ လက်ဆင့်ကမ်းပေးခဲ့သည့် (နိုင်ငံတည်မင်းသုံးပါး- အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရားနှင့် နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းပေးခဲ့သည့် ခေါင်းဆောင်ကြီးများ) မိမိလူမျိုး၊ မိမိမြေ၊ မိမိတိုင်းပြည်၏ ကြွယ်ဝမှုတို့ကို ချစ်ပြီး ကာကွယ်နေရန် အဆင့်လောက်နှင့် မလုံလောက်သေးပါ။

မျိုးဆက်တိုင်းသည် **"မိမိမြေ၊ မိမိနိုင်ငံနှင့် မိမိပြည်သူများက သားစဉ်မြေးဆက် ချစ်ထိုက်၊ မြတ်နိုးထိုက်သည့်မြေ၊ နိုင်ငံနှင့် လူမျိုးဖြစ်အောင်လည်း စွမ်းဆောင်နိုင်စွမ်းရှိရပါမည်။"**ဆိုလိုသည်မှာ ကမ္ဘာ့ဘယ်နေရာရောက်ရောက် မိမိနိုင်ငံ၊ မိမိလူမျိုးကို အစဉ်မြင့်မားအောင်စွမ်းဆောင်ရင်း နိုင်ငံနှင့် လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်များကို ထိန်းသိမ်းကာကွယ်မြှင့်တင်နေမှသာလျှင် အမျိုးကို အမှန်တကယ် ချစ်မြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်ပါ။

ငါတို့ဟာ **"မြန်မာ" "မြန်မာနိုင်ငံသား" "မြန်မာ့မြေမှာ မွေးဖွားခွင့်၊ ရှင်သန်ခွင့်ရတာ ဆုလာဘ်တစ်မျိုး"**ပါဟု အမြဲဂုဏ်ယူဝင့်ကြွားနိုင်သူများ ပေါ်ထွန်းလာစေရေးပါ။ ထိုသို့ အမျိုးချစ်၊ အမျိုးမြင့်၊ အမျိုးဂုဏ်တက်စေသည့်စိတ်ထားမျိုး ပိုင်ဆိုင်သည့် လူငယ်များကို ထုနှင့်ထည်နှင့်၊ အုံနှင့်ကျင်းနှင့် မွေးထုတ်ပေးရန်မှာ **ယနေ့နှင့် အနာဂတ် မြန်မာ့ကျောင်းဆရာများ၏ ကြီးမားသောစိန်ခေါ်မှုနှင့် တာဝန်ပါပဲ။** ရင်ဆိုင်ကျော်လွှားကာ အောင်မြင်အောင် ထမ်းဆောင်ရပါလိမ့်မည်။

ကျောင်းဆရာများသည် အထက်တွင် ဖော်ပြခဲ့သည့် နိုင်ငံနှင့် လူ့အဖွဲ့အစည်း ပျက်သုဉ်းစေမည့် အဖျက်ရန်များကို ခေတ်အဆက်ဆက်တွင် ပညာလက်နက်ဖြင့် အသံတိတ် တွန်းလှန်တိုက်ပွဲဝင်ရင်း ဘဝကို ပျော်ရွှင်ချမ်းမြေ့ကျေနပ်စွာ ဖြတ်သန်းနေကြသူများပါ။ နိုင်ငံတကာတွင် ကျောင်းဆရာများသည် ပညာအားမာန်အပြည့်နှင့် နိုင်ငံ၏ အဖျက်ရန်များကို အင်ပြည့်အားပြည့် ကာကွယ်နိုင်ရန် ၎င်းတို့မှာ **"အခြေခိုင်ပြီး ဘဝလုံခြုံသည့် လူနေမှုဘဝ"**ကို ပိုင်ဆိုင်နိုင်အောင် ဖြည့်ဆည်းပေးထားကြပါသည်။

တကယ်တော့ **"လူနေမှုဘဝချို့တဲ့သည့် ကျောင်းဆရာဘဝ"**ဖြင့် နိုင်ငံ၏အလွန်ကြီးမားသော **အဖျက်ရန်များကို ကာကွယ်သည့်အခါ "ခါးကမသန်"ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးမှုနှင့် ရှင်သန်မှု၏ ရှေ့တန်းမှာရှိသော "ပညာရေးခံကတုတ်" ကျိုးပေါက်မှာစိုးလို့ပါ။** အဘယ်ကြောင့်ဆိုသော် တိုင်းပြည်၏ ဖွံ့ဖြိုးမှုအပေါင်းကို ပျက်သုဉ်းအောင်ဆောင်ကြဉ်းနေသည့် အဖျက်ရန်မှန်သမျှကို ဖိဖိစီးစီး တွန်းလှန်ကာကွယ်နေသော **"အမျိုးသားမဏ္ဍိုင်ခံကတုတ်"** ကျိုးပေါက်ခဲ့လျှင် တိုင်းတစ်ပါး၏ **"အဝေးထိန်းစနစ်ဖြင့် ကျွန်ဇာတ်သွင်းခံဘဝ"** ဆိုသည့် **"ခေတ်သစ်ကျွန်"** ဘဝမျိုး မိမိတို့၏ နိုင်ငံနှင့် မျိုးဆက်သစ်များဖြစ်သွားပြီး နောက်ဆုံးတွင် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့်အဖြစ်မျိုး ရောက်သွားနိုင်သည်မို့ပါ။ ထိုအဖြစ်မျိုးမရောက်ရန် ပညာရေးခံကတုတ်က စွမ်းစွမ်းတမံ ကာကွယ်ပေးနေကြသည့် ယနေ့ကျောင်းဆရာတို့၏ **"လူနေမှုဘဝလုံခြုံရေး"**ကိုလည်း မပြတ်ဖြည့်ဆည်းပေးနေသင့်ပါကြောင်း ကျောင်းဆရာ (ငြိမ်း) ဖြစ်သည့် **မိမိ**၏အမြင်ကို တင်ပြရင်း ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုရေးသားအပ်ပါသည်။

**(လူ့သမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သော ဤကမ္ဘာကြီးကို အန္တရာယ်ကင်းကင်းဖြင့် သာယာဖွံ့ဖြိုးအောင်နှင့် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းဖြစ်အောင် ကိုယ်စိတ်နှလုံး သုံးပါးလုံး နှစ်မြှုပ်၍ စွမ်းဆောင်ခဲ့ကြသော စွမ်းဆောင်နေဆဲဖြစ်ကြသည့် အနန္တဂိုဏ်းဝင် ကျောင်းဆရာများအားလုံး၏ ဂုဏ်ကျေးဇူးကို ပူဇော်ဦးခိုက်လျက်)**

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်သီးနှံများ ပြန်လည်စိုက်ပျိုးရန် အရင်းမပျောက်မတည်ငွေနှင့် စိုက်ပျိုးရေးသွင်းအားစုများအသုံးပြုနိုင်ရန် ထောက်ပံ့ငွေလှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၄**

ရာဂီမုန်တိုင်း အရှိန်ကြောင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများ ပြန်လည်စိုက်ပျိုးရန် အရင်းမပျောက် မတည်ငွေနှင့် မျိုးစေ့၊ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေးအတွက် ထောက်ပံ့ငွေ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထောက်ပံ့ငွေများအား တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ထံသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်)တို့က စုပေါင်းလှူဒါန်းကြခြင်း ဖြစ်သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းဥက္ကဋ္ဌတို့က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက အရင်းမပျောက် မတည်ငွေကျပ် သိန်း ၁၂၅၀၀၊ ထောက်ပံ့ငွေကျပ် သိန်း ၅၀၀၀နှင့် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်းဥက္ကဋ္ဌက ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးတို့က လက်ခံရယူကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

**ပံ့ပိုးပေးမည်**

ယင်းနောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယခုပေးအပ်သည့် ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၀ မှ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် စပါးစိုက်ဧရိယာ ၇၇၇၃ ဧကအတွက် မျိုးစေ့တစ်တင်း၊ ရွက်ဖျန်းမြေဩဇာ၊ ပိုးသတ်ဆေးအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ၆၄၃၂၅ ကျပ်နှုန်း ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ အရင်းမပျောက် မတည်ငွေကျပ်သိန်းပေါင်း ၁၂၅၀၀ ကို မိုးစပါးသီးနှံထိခိုက်မှုရှိခဲ့သည့် စိုက်ခင်းများအတွက် တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် အတိုးမဲ့ချေးပေးရန် လျာထားကြောင်း၊ မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ခြင်း မရှိသောဧရိယာများတွင် တောင်သူများ တွက်ခြေကိုက်သော အခြားသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရန် ထောက်ပံ့ငွေကျပ် သိန်း ၅၀၀၀ ဖြင့် စီမံဆောင်ရွက်ပေးမည်ဖြစ်ပြီး မတ်ပဲ ၂၆၇၂ ဧကနှင့် ပဲတီစိမ်း ၁၃၀၄ ဧကအတွက် တစ်ဧကလျှင် မျိုးစေ့တစ်တင်းနှုန်း ပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် ထောက်ပံ့ပေးသော အလှူရှင်အသင်းချုပ်များ၊ ကုမ္ပဏီအစုအဖွဲ့များအား ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

# အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ကျန်းမာရေးဝန်ထမ်းများ ရေဘေးသင့်ဒေသများရှိ ပြည်သူများနှင့် သံဃာတော်များအား ကွင်းဆင်းဆေးကုသပေး

**နေပြည်တော် အောက်တိုဘာ ၄**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဆေးကုသရေးအဖွဲ့ဝင်များသည် ရေဘေးဒဏ်ခံခဲ့ရသော ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီး ကျေးရွာသို့ ယမန်နေ့တွင် သွားရောက်၍ နှာစေးချောင်းဆိုး၊ ဖျားနာ၊ ဝမ်းရောဂါနှင့် အထွေထွေအားနည်းရောဂါ ခံစားနေရသော လူနာများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။



အဆိုပါကျေးရွာရှိ အမျိုးသား ၃၀၊ အမျိုးသမီး ၅၅ ဦးနှင့် သံဃာတော် ၁၆ ပါးတို့ကို လူမှုဖူလုံရေးအဖွဲ့က ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး Valves Private Limited က လှူဒါန်းသော ဖိနပ်အရန် ၁၁၀၀ ကို ကျေးရွာနေပြည်သူများထံ ပေးအပ်သည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျုံးဝင်အာမခံ အလုပ်သမားများအား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့်အပြင် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အခါအားလျော်စွာ စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## နှလုံးလှပိုင်ရှင်များ

* ပြည်သူ့ဒုက္ခ၊ ထပ်တူမျှ လျက်
ဖေးမ ရိုင်းပင်း၊ ကူညီခြင်းဖြင့်
**စိတ်ရင်း ဖြူစင် လှသူများ။**

* ဘာသာ အယူ၊ ဝါဒ, မူ တို့
မတူကွဲလည်း၊ အစွဲမထား
နှလုံးသားဝယ်
အားနည်းသူကို တွန်းတင်
မွန်းချင်သူကို ကူမ
လဲကျသူကို ထူမတ်
မေတ္တာစေတ်ဖြင့်
**တတ်နိုင်သမျှ**
**ဖြစ်နိုင်သမျှ**
**ရနိုင်သမျှ၊ စိတ်ဆန္ဒဖြင့်**
**လှူကြ ကူကြ၊ အပူမျှသည်**
**ဖြူစွ နှလုံးသားပိုင်ရှင်များ။**

* ပြည်သူများ၏
မရှိအတူ၊ ရှိအတူဟု
**တူညီပေါင်းစု၊ ကူညီမှုဖြင့်**
**ထုထည်ကြီးမား၊ စေတနာအားဖြင့်**
**တားဆီးမရပ်၊ မေတ္တာစေတ်ဖြင့်**
**ရပ်ခွင်တိုင်းတွင်၊ ဘေးကင်းစင်လျက်**
**ပြည်သူတိုင်းလျှင်၊ ရန်ကင်းစင်ကာ**
**ရွှင်ကြည်အေးချမ်းပါစေသတည်း။** ။

**မျိုးမြတ်မြတ်မြင့်မောင်**

(သဘာဝဘေးကူညီပေးနေသည့် အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးသို့ လေးစားဂုဏ်ပြုလျက်)

# လျှပ်စစ်သုံးယာဉ်နှင့် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Gabar Motor Services Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BAIC ARCFOX α T5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် တရုတ်နိုင်ငံထုတ် ARCFOX အမှတ်တံဆိပ် လျှပ်စစ်သုံးယာဉ်အားသွင်းစက်များ၊ N.P.K Motors Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG MG4 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Premier Automotive Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Zeerk X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ဆင်သေချောင်းကူးတံတား(ပုပ္ပါးကုန်း) ပြန်လည်ပြုပြင်မည့်အခြေအနေ ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဆင်သေချောင်းကူးတံတား(ပုပ္ပါးကုန်း)သို့ ရောက်ရှိပြီး ဆင်သေချောင်း ရေလမ်းကြောင်း ပြောင်းလဲမှု၊ ချောင်းကမ်းပါးတိုက်စားမှုများ ပြန်လည်ပြုပြင်မည့်အခြေအနေ၊ ချောင်းကမ်းထိန်းနံရံ ဆောင်ရွက်မည့်အခြေအနေနှင့် တံတားချဉ်းကပ်လမ်း ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ချောင်းရေစီးကြောင်း မှန်ကန်စေရေး၊ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့စေရေး၊ တံတားချဉ်းကပ်လမ်းများ ပြုပြင်ရာတွင် စံချိန်စံညွှန်းကိုက်ညီစေရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်များရှိ ပျက်စီးနေသည့်လမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအား သွားရောက်ကြည့်ရှု



နေပြည်တော် အောက်တိုဘာ ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ရာဂီမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွားခဲ့ပြီး မိုင်းဆတ်မြို့နယ်အတွင်းရှိ ဝမ်ဟုန်-ဆီဟုတ်-မိုင်းယွန်း-ပိန်းခမ်းလမ်းနှင့် မိုင်းတုံမြို့နယ်အတွင်းရှိ မုံးထ - ဆန်ကန် - ခိုင်းလုံလမ်း၊ နားပါကော်-ဟိုပန်-ဟိုရွက်-ဝမ်ဟုန်လမ်းတို့တွင် တောင်များပြိုကျကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ပျက်စီးသွားခဲ့သည့် မိုင်းဆတ်မြို့နယ်အတွင်းရှိ ကျောက်ခင်းလမ်း အရှည် ၆၇ ကီလိုမီတာ၊ အကျယ် ၂၄ ပေရှိ ဝမ်ဟုန်-ဆီဟုတ် - မိုင်းယွန်း-ပိန်းခမ်းလမ်းအား ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက် ခရိုင်ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လမ်းပိတ်ဆို့မှုများအား ဖယ်ရှားရှင်းလင်းခြင်း တာဝန်ယူဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

အလားတူ မိုင်းတုံမြို့နယ်အတွင်းရှိ မြေသားလမ်းအရှည် ကီလိုမီတာ ၄၀၊ အကျယ် ပေ ၂၀ ရှိ မုံးထ-ဆန်ကန်-ခိုင်းလုံလမ်းနှင့် မြေသားလမ်းအရှည် ၅၆ ဒသမ ၄ ကီလိုမီတာ၊ အကျယ် ၁၅ ပေရှိ နားပါကော်-ဟိုပန်-ဟိုရွက်-ဝမ်ဟုန်လမ်းတို့အား ဒေသခံပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(မိုင်းတုံ)မှ တာဝန်ရှိသူများက လမ်းပိတ်ဆို့မှုများအား ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်တွင် ယာဉ်များ ပြန်လည်သွားလာနိုင်ပြီ ဖြစ်သည်။

အဆိုပါ ပျက်စီးသွားခဲ့သည့် လမ်းများပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို အောက်တိုဘာ ၃ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၄

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။



ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင်လည်းကောင်း စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင်အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေး ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ရေကြီးမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လမ်း/တံတား များကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကို ယာယီသံပေါင် ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံး ပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကလောမြို့နယ်၌ သန်းခေါင်စာရင်း၊ စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲ ကျင်းပ

ကလော အောက်တိုဘာ ၄

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ စာရင်းစစ်၊ စာရင်းကောက်သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ကလောမြို့ Green Haven Hotel ၌ ပြုလုပ်သည်။

ဦးစွာ ကလောမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးလင်းဇော်ထွေးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် သင်တန်းသား သင်တန်းသူများအား တာဝန်ရှိသူများက စာရင်းစစ်ခန့်အပ်လွှာ၊ စာရင်းကောက်ခန့်အပ်လွှာများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းသား သင်တန်းသူ ၇၀ ခန့် တက်ရောက်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၆၅ ဦးနှင့် အရန်စာရင်းစစ်၊ စာရင်းကောက် ၁၀ ဦး စုစုပေါင်း ၁၇၅ ဦးတို့ကို ကလောမြို့ Green Haven Hotel၊ အောင်ပန်းမြို့ အထက(၃)၊ ဟဲဟိုးမြို့ အထက(၄)တို့တွင် လည်းကောင်းသင်တန်းဖွင့်လှစ်၍ သင်တန်းကာလ ၁၀ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တောင်ငူပညာရေးဒီဂရီကောလိပ်နှင့် တောင်ငူတက္ကသိုလ် ကြည့်ရှုစစ်ဆေး





**နေပြည်တော် အောက်တိုဘာ ၄**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တောင်ငူပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး စီမံအုပ်ချုပ်ဆောင်၊ မြတ်ပညာခန်းမ၊ နှစ်ထပ်စာသင်ဆောင်များ၊ နားနေကွင်း၊ ရေစက်နှင့် ရေစင်များ၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာဆောင်၊ အားကစားကွင်း၊ အားကစားရုံနှင့်ကျောင်းသန့်ရှင်းသာယာမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပညာရေးဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်အနိုင်ရရှိရေးအတွက် စခန်းသွင်းလေ့ကျင့်နေမှုများကို ပံ့ပိုးအားပေးရေး၊ သောက်သုံးရေ မပြတ်အောင် ဆိုလာစနစ်ဖြင့်ရေတင်ရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းမှု ဆောင်ရွက်ရေးကိစ္စရပ်များကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိပြီး အဝေးသင်တက္ကသိုလ် ပထမအသုတ် ကျောင်းသား ကျောင်းသူများ ၂၀၂၄ ပညာသင်နှစ် သိပ္ပံဘာသာတွဲအားလုံး အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးကာ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းနောက် သင်ကြားရေးဆိုင်ရာ တာဝန်များ၊ စာမေးပွဲခန်းဆိုင်ရာ တာဝန်များ ခွဲဝေချထားမှု စာရင်းများကို ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ ဌာနမှူးများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံအတွက် အကျိုးရှိစေမည့် သုတေသနများ ဆောင်ရွက်ကြရန် မှာကြား၍ တက္ကသိုလ်အတွင်းရှိ ကျောင်းဆောင်များ၊ နားနေဆောင်များနှင့် ကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အကောက်ခွန်ဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဦးစီးဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က အမှာစကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှုဖြစ်ပေါ်ရခြင်းအကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ဆိုးကျိုးများ၊ တားဆီးကာကွယ်ရေးကဏ္ဍများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်း ကမ်းပါးပြိုခြင်းကြောင့် လူနေအိမ်ဖျက်သိမ်းပြောင်းရွှေ့ခြင်းနှင့် မိုးကြိုးပစ်ခြင်းကြောင့် လူသေဆုံးခြင်းတို့အတွက် ထောက်ပံ့ပေးအပ်

**လယ်ဝေး အောက်တိုဘာ ၄**

လယ်ဝေးမြို့နယ်အတွင်း ကမ်းပါးပြိုခြင်းကြောင့် လူနေအိမ် ဖျက်သိမ်းပြောင်းရွှေ့ခြင်းနှင့် မိုးကြိုးပစ်ခြင်းကြောင့် လူသေဆုံးခြင်းတို့အတွက် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး တက်ရောက်၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခဲ့သည့် မိသားစုများကို အားပေးစကားပြောကြားကာ ထောက်ပံ့ငွေ၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ရိက္ခာဖိုးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**ထားဝယ် အောက်တိုဘာ ၄**

နိုင်ငံတစ်ဝန်း၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ၁၅ ရက် အထိ ကောက်ယူသွားမည်ဖြစ်သည်။



လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို တနင်္သာရီ တိုင်းဒေသကြီးတွင် ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူးဗိုလ်မှူးချုပ် အောင်မျိုးထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက ထားဝယ်မြို့နယ်ရှိ ရပ်ကွက်အလိုက်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်အိမ်တက်/ဆင်း ကောက်ယူနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးက ဦးဆောင်၍ ဆက်စပ်အဖွဲ့အစည်းများနှင့် စာရင်းစစ်/စာရင်းကောက်များက သန်းခေါင်စာရင်းတွင် အသုံးပြုသည့်မေးခွန်း ဇစခု၊ အိမ်ထောင်စု မေးခွန်းနှင့် မေးခွန်း ၁၈ ခုပါဝင်သည့် အဖွဲ့အစည်း မေးခွန်းများအား Tablet များအသုံးပြု၍ ကောက်ယူရာ ဒေသခံပြည်သူများက ပြည့်ပြည့်စုံစုံဖြေကြားခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရပ်ကွက်နေဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တနင်္သာရီ တိုင်းဒေသကြီး အတွင်း စာရင်းကောက်ကွက်ပေါင်း ၂၆၈၃ ကွက်ကို Tablet များ အသုံးပြု၍ ရပ်ကွက်အလိုက် ပြည်သူလူထုများအား ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**ရွှေကျင် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင်၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ မြို့ပေါ်ရပ်ကွက်/ကျေးရွာများတွင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

ရွှေကျင်မြို့နယ်အတွင်း ကြေးနန်းတန်း+ရှမ်းကုန်းရပ်ကွက်၊ ပျဉ်းမပင်ရပ်ကွက်၊ ကျွဲတဲရပ်ကွက်၊မန်ကျည်းတန်းရပ်ကွက်နှင့် ညောင်ဝိုင်းရပ်ကွက်တို့တွင် ယမန်နေ့က ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်/စာရင်းကောက်အဖွဲ့ ၁၃ ဖွဲ့မှ ကောက်ကွက်အလိုက် အိမ်ထောင်စု ၁၉၈၂ စု၊ ကျား ၁၇၉၈ ဦး၊ မ ၂၀၆၆ ဦး စုစုပေါင်း လူဦးရေ ၃၈၆၄ ဦးကို ကောက်ယူနိုင်ခဲ့ပြီး ယနေ့တွင် ကြေးနန်းတန်း+ရှမ်းကုန်းရပ်ကွက်၊ ကျွဲတဲရပ်ကွက်၊ မကျည်းတန်းရပ်ကွက်၊ ညောင်းဝိုင်းရပ်ကွက်နှင့် ပွဲကုန်းရပ်ကွက်တို့တွင် ဆက်လက်ကောက်ယူနိုင်ရေးအတွက် မြို့နယ်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များကကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကော့သောင်းမြို့၌ သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူ

**ကော့သောင်း အောက်တိုဘာ ၄**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ မြို့နယ် သန်းခေါင်စာရင်း ကော်မတီ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်နှင့် ကျေးရွာများအတွင်း အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာအချက်အလက်များ မေးမြန်းကောက်ယူခြင်းတို့ကို CAPI နည်းပညာဖြင့် Tablet အသုံးပြုပြီး စာရင်းကောက်ယူဆောင်ရွက်လျက်ရှိသည်။



ကော့သောင်းမြို့နယ် အတွင်း၌ သန်းခေါင်စာရင်းကောက်ယူခြင်းကို ရပ်ကွက် ၁၃ ရပ်ကွက် ကျေးရွာအုပ်စု ကိုးစုရှိ ကောက်ကွက်ပေါင်း ၂၁၃ ကွက်တွင် သက်ဆိုင်ရာ စာရင်းစစ်၊ စာရင်းကောက် ၈၃ ဦးပါ အဖွဲ့များက အောက်တိုဘာ ၁ ရက်မှ ၁၅ရက်အထိ စာရင်းကောက်ယူသွားမည်ဖြစ်ပြီး အဆိုပါသန်းခေါင်စာရင်း ကောက်ယူဆောင်ရွက်နေမှုများအား ယနေ့တွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နေပြည်တော် (တပ်ကုန်းမြို့)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

**နေပြည်တော် အောက်တိုဘာ ၄**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ နိုင်ငံတစ်ဝန်းတွင် ကောက်ယူဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့သည် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်း အိမ်ရာများ၊ အပျိုဆောင်/လူပျိုဆောင်များတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မေးခွန်းများကို မေးမြန်း၍ စာရင်းကောက်ယူကြသည်။

၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ခရိုင်လေးခုနှင့် မြို့နယ် ရှစ်ခုတွင် စာရင်းကောက်ကွက် စုစုပေါင်း ၂၆၆၂ ကွက်၌ စာရင်းစစ်/စာရင်းကောက် စုစုပေါင်း ၁၃၃၆ ဦးဖြင့် ကောက်ယူလျက်ရှိသည်။ နေပြည်တော် တပ်ကုန်းမြို့၌ စာရင်းကောက်ကွက် စုစုပေါင်း ၅၂၇ ကွက်၊ စာရင်းစစ်/စာရင်းကောက် စုစုပေါင်း ၂၄၆ ဦးဖြင့် အိမ်ထောင်စုစာရင်းကောက်ကွက် မေးခွန်းပုံစံ ၆၈ ခုနှင့် အဖွဲ့အစည်း စာရင်းကောက်ကွက် မေးခွန်းပုံစံ ၁၈ ခုတို့ကို Mobile Tabletများ အသုံးပြုမေးမြန်း စာရင်းကောက်ယူပြုစုပြီး ရရှိလာသည့်အချက်အလက်များကို CAPI စနစ် အသုံးပြု၍ နေပြည်တော်ရုံးချုပ် Serverသို့ ပေးပို့ခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရမည်းသင်းမြို့နယ်၌ သန်းခေါင်စာရင်း စတင်ကောက်ယူလျက်ရှိ

**ရမည်းသင်း အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ရပ်ကွက်နှင့် ကျေးရွာများအတွင်း သန်းခေါင်စာရင်းကောက်အဖွဲ့များက အောက်တိုဘာ ၁ ရက်က စတင်ကွင်းဆင်းကောက်ယူလျက်ရှိသည်။

ရမည်းသင်းမြို့နယ်တွင် ရပ်ကွက်ကြီး ငါးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၃ အုပ်စု၌ ကောက်ကွက်ပေါင်း ၅၆၀ ရှိအိမ်ခြေ၊ အိမ်ထောင်စု ၆၀၀၀၀ ကျော် လူဦးရေ ၂၇၀၀၀၀ ကျော်အား စာရင်းကောက်အဖွဲ့ ၄၇ ဖွဲ့ဖြင့် ကောက်ယူလျက်ရှိကြောင်း သိရသည်။



အဆိုပါ သန်းခေါင်စာရင်းကောက်ယူနေမှုများအား ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လူမှုရေးအသင်းအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အောင်လံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူ



**အောင်လံ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ကောက်ယူခြင်းလုပ်ငန်းကို ရပ်ကွက်/ကျေးရွာအုပ်စု စာရင်းကောက်ကွက် အသီးသီးတွင် ကောက်ယူကြသည်။

အောင်လံမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၀၃ စုတို့တွင် ကောက်ကွက်ပေါင်း ၃၀၂ ကွက်နှင့် စာရင်းစစ်/ စာရင်းကောက်အဖွဲ့ ၂၄ ဖွဲ့မှ စုစုပေါင်း စာရင်းစစ်/စာရင်းကောက် ၁၂၀ တို့က ရပ်ကွက်ကျေးရွာအတွင်းရှိ နေအိမ်များသို့ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါအချက်အလက်များကို Mobile Tablet များဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဗီယက်နမ်နိုင်ငံ၏ ရေထွက်ကုန်တင်ပို့မှုမှ ကိုးလအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၆ ဘီလီယံ ရရှိ



**ဟန္နိုင်း အောက်တိုဘာ ၄**

ဗီယက်နမ်နိုင်ငံသည် ဇန်နဝါရီလမှ စက်တင်ဘာလအထိကာလအတွင်း ရေထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၁၆ ဘီလီယံ ရရှိပြီး တစ်နှစ်ထက်တစ်နှစ် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာတင်ပို့ ရောင်းချသူများနှင့် ထုတ်လုပ်သူများအသင်း၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာများ က သတင်းဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ ပုစွန်တင်ပို့မှုတန်ဖိုးသည် ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ငါးတင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆ ဘီလီယံရှိခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ တူနာငါးတင်ပို့မှုမှာ ယခုနှစ် ပထမကိုးလအတွင်း တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၇၁၅ သန်းအထိ ရှိခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလကထက် ၁၆ ရာခိုင်နှုန်း တိုးလာခဲ့ သည်။

တစ်ချိန်တည်းတွင် ပြည်ကြီးငါး တင်ပို့မှုမှာ ဒေါ်လာ ၄၆၄ သန်း ရှိခဲ့ခြင်းကြောင့် ၂ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျသွားကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဝင်ငွေ သည် ယခုနှစ်ကုန်တွင် ဒေါ်လာ ၉ ဒသမ ၅ ဘီလီယံ ရရှိမည်ဟု ခန့်မှန်းထားပြီး ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဘီလီယံနီးပါး၊ တူနာငါးတင်ပို့ မှုမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါး ရရှိမည် ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## ဂျပန်နိုင်ငံရှိ လေဆိပ်များ၌ မပေါက်ကွဲသေးသည့် လက်ကျန်ဗုံးများ ဆက်လက်ရှာဖွေမည်

**တိုကျို အောက်တိုဘာ ၄**

ဂျပန်နိုင်ငံ မီယာဇာကီနှင့် နာဟာဒေသတို့ရှိ လေဆိပ်များတွင် ဒုတိယကမ္ဘာစစ်အတွင်းက မပေါက်ကွဲဘဲ ကျန်ရှိနေသည့် လက်ကျန်ဗုံးများ ဆက်လက်ရှာဖွေမည်ဖြစ်ကြောင်း မြေယာ၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက ပြောကြားသည်။

ယင်းလေဆိပ်များအား မီယာဇာကီနှင့် နာဟာဒေသ တို့တွင် ဂျပန်ကေရာဇ် တပ်မတော်က တည်ဆောက်ခဲ့ခြင်းဖြစ် သည်။

ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တပ်မတော်က ကြဲချခဲ့သည့် ဗုံးတစ်လုံး မီယာဇာကီလေဆိပ်တွင် အောက်တိုဘာ ၂ ရက်က ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ယခုကဲ့သို့ ထပ်မံတွေ့ရှိ သည့် ဗုံးများကို စစ်ဆေးရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းလေဆိပ်ပြေးလမ်းတွင် ဗုံးပေါက်ကွဲမှုမဖြစ်ပွားမီ နှစ်မိနစ်ခန့်အလိုတွင် ခရီးသည် ၉၃ ဦး တင်ဆောင်ထားသည့် လေယာဉ်တစ်စင်း ပြေးလမ်းမှ ပျံတက်နိုင်ခဲ့သည်။

**စုံစမ်းစစ်ဆေးမှုများ ထပ်မံဆောင်ရွက်မည်**

ပေါက်ကွဲခဲ့သည့်ဗုံးသည် ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တပ်မတော်က သုံးစွဲသည့် ကီလိုဂရမ် ၂၅၀ ရှိသည့် ဗုံးဖြစ်သည်။ နိုင်ငံအတွင်း ဂျပန် ကေရာဇ် တပ်မတော်စခန်း များတည်ရှိခဲ့ရာဒေသများတွင် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ထပ်မံဆောင်ရွက်မည်ဟု သိရသည်။

ယခုနှစ်ပထမကိုးလအတွင်း နာဟာလေဆိပ်ရှိ ကန့်သတ် ဧရိယာအတွင်း မပေါက်ကွဲသေးသည့် ဗုံးခုနစ်လုံးကို ရှာဖွေ တွေ့ရှိခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**



## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းရှိ ကီဗူရေကန်တွင် ရေယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ဂိုမာ အောက်တိုဘာ ၄**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းရှိ ကီဗူရေကန်တွင် အောက်တိုဘာ ၃ ရက်က ကူးတို့ရေယာဉ် တိမ်းမှောက်မှုဖြစ်ပွားရာ လက်ရှိအချိန်အထိ အနည်းဆုံး ၈၇ ဦး သေဆုံးကြောင်း ဒေသခံတာဝန်ရှိသူများက ပြောကြားသည်။

**တိမ်းမှောက်နစ်မြုပ်**

တောင်ပိုင်းကီဗူပြည်နယ် မီနိုဗာမြို့မှ ထွက်ခွာလာသည့် ၎င်းရေယာဉ်သည် ကီဗူဒေသမြောက်ပိုင်း ကီဗူပြည်နယ် မြို့တော် ဂိုမာအနီးရှိ ကီဗူရေကန်တွင် တိမ်းမှောက် နစ်မြုပ်သွားခဲ့သည်။ ဒေသန္တရအစိုးရအဖွဲ့၏ မှတ်တမ်းအရ ကူးတို့ရေယာဉ်ပေါ်ရှိ ခရီးသည် ၇၈ ဦးပျောက်ဆုံးနေဆဲဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူ ကိုးဦးအား ဆေးဝါး ကုသနိုင်ရန် ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်ပေါ်တွင် စီးနင်းလာသည့် ခရီးသည်အရေအတွက်ကို မသိရှိရ သေးကြောင်းနှင့် ခရီးသည် အဆမတန်တင်ဆောင်မှုကြောင့် တိမ်းမှောက်ခြင်းဖြစ် နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းရေကန်တွင် လေပြင်းများ တိုက်ခတ်ခြင်းနှင့် ခရီးသည် အဆမတန် တင်ဆောင်လာသည့် ရေယာဉ်များကြောင့် မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## ဂါဇာဒေသ၌ ပါလက်စတိုင်း သေဆုံးသူ ၄၁၇၈၈ ဦး ရှိလာ

**ဂါဇာ အောက်တိုဘာ ၄**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း သေဆုံးသူ ဦးရေသည် အောက်တိုဘာ ၃ ရက်အထိ ကာလအတွင်း ၄၁၇၈၈ ဦးအထိ ရှိလာခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာ ရေးအာဏာပိုင်များက အောက်တိုဘာ ၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။



လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး စစ်ဘက်၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနိုင်ငံသား ၉၉ ဦး သေဆုံး ပြီး ၁၆၉ ဦး ဒဏ်ရာရရှိခဲ့ကာ လက်ရှိတွင် သေဆုံးသူစုစုပေါင်း ၄၁၇၈၈ ဦး ရှိလာ ကြောင်း သိရသည်။

ပါလက်စတိုင်း-အစ္စရေး ပဋိပက္ခများ သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလဆန်း ပိုင်းမှစတင်ကာ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူပေါင်း ၉၆၇၉၄ ဦး ရှိလာ ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စ၍ စာသင်ကျောင်းပေါင်း ၁၄၀ ကျော် တိုက်ခိုက်ခံခဲ့ရကြောင်း ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် အလုပ်အကိုင် အေဂျင်စီ၏ မဟာမင်းကြီး လက်ဇာရီနီက ပြောကြားခဲ့သည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပွား

**ကိုဆိုဗို အောက်တိုဘာ ၄**

ဘော့စနီးယား ဟာဇီဂိုဗီးနားနိုင်ငံတွင် အောက်တိုဘာ ၄ ရက်က မိုးသည်းထန်စွာရွာသွန်းရာမှ တစ်ဆင့် မုန်တိုင်းတိုက်ခတ်ခဲ့ပြီး အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့ကာ နိုင်ငံ၏ အလယ်ပိုင်းနှင့် တောင်ပိုင်း ဒေသများရှိ မြို့များနှင့် ကျေးရွာအများအပြား ရေကြီး ရေလျှံမှုဖြစ်ခဲ့ကြောင်း သိရသည်။

**လူအများအပြားပျောက်ဆုံးနေ**

နိုင်ငံတောင်ပိုင်းရှိ ကယ်ဆယ်ရေး ဝန်ဆောင်မှု အဖွဲ့အစည်းများက လူအများအပြား ပျောက်ဆုံးနေ ကြောင်း ပြောကြားခဲ့သည်။ မုန်တိုင်း၏ အရှိန်ကြောင့် မြေပြိုပြီး လမ်းများပိတ်ဆို့ကာ လျှပ်စစ်မီးပြတ် တောက်ခဲ့သောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တပ်မတော်သားများနှင့် စေတနာ့ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရသည်။

**ကယ်ဆယ်ရေးဆောင်ရွက်**

လက်ရှိအချိန်တွင် တပ်မတော်သားများက မြေပြိုမှုအတွင်း ပိတ်မိနေသူများကို ကယ်ဆယ်ရေး အတွက် ဆောင်ရွက်နေကြသည်။ ဘော့စနီးယား မီဒီယာများက ဒရုန်းများဖြင့် ရိုက်ကူးပြသသည့် ဓာတ်ပုံများတွင် ရေအောက်ရောက်ရှိနေသည့် မြို့ရွာများကို တွေ့မြင်ရသည်။

**ကိုးကား - ယူရိုနယူးစ်**
**ဘာသာပြန် - စိုးသူရ**



# အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၄**

အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်နေ ယားမီးအဲက တစ်မြို့နယ်တည်းနေ မ---၊ ၁၂/၂၀၂၃ နှစ်၊ မ---၊ ၁၃/၂၀၂၃နှစ်၊ မ---၊ ၁၃/၂၀၂၃ နှစ်၊ မ---၊ ၁၂/၂၀၂၃ နှစ်၊ မ---၊ ၁၂/၂၀၂၃ နှစ်၊ မ---၊ ၄/၂၀၂၃ နှစ် တို့အား အထူးဒေသ(၂) ဟိုတောင်းမြို့ရှိသူဌေးအိမ်တွင် နေထိုင်ရမည်၊ တရုတ်စာသင်ကျောင်းတွင် ကျောင်းထားပေးမည်၊ ဖုန်းဝယ်ပေးမည်၊ လိုချင်တာဝယ်ပေးမည်ဟု ပြောဆိုစည်းရုံးကာ အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ရရှိသော ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသဖြင့် ကျိုင်းတုံမြို့မရဲစခန်း (ပ)၁၇၄/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ-၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ ကျိုင်းတုံခရိုင်တရားရုံးမှ အောက်တိုဘာ ၂ ရက်တွင် တရားခံ ယားမီးအဲအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၈ ဒသမ ၂၆၀ တန်နှင့် အခြားသစ် ၄ ဒသမ ၀၆၅ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၁၄၆၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စာတိုက်လုပ်ငန်း ပြည်ပစာပို့လုပ်ငန်း၌ ချောထုပ်နှစ်ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၅၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ရှစ်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၉၅၃၀၃၇၅) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၄၇၈၀၃၇၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် အောက်တိုဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၂၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၃၆၉၆) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Alphard ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၀၃၆၉၆ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စဥ့်ကိုင်မြို့ မြို့အဝင်ဂိတ်၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၁၂၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၆၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Gaia Station Wagon တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၃၃၈၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၀၁၁ တန်၊ အခြားသစ်သုည ဒသမ ၁၁၉ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၅၁၈၆၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van ယာဉ် လေးစီး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ အောက်တိုဘာ ၁ ရက်၊ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၆၈၁၅၈၉၉) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁၀-၂၀၂၄ စနေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အင်္ဂုလိမာလသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၅ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်တေး
- ၀၉:၂၅ ပညာပြည့်ဝနလုံးလှ ဂုဏ်အင်ကြီးမားဆရာများ
- ၀၉:၄၅ နိုင်ငံပွဲပြီးရေးသန်းခေါင်စာရင်းမှာ ပူးပေါင်းပါဝင်ပေး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၀:၄၀ လူငယ်ရေးရာအစီအစဉ်
- ၁၁:၀၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၁:၄၅ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်း
- ၁၃:၁၀ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၃:၃၀ MRTV National News
- ၁၅:၃၅ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် ဆိုကာ၊ ရေးတီးပြိုင်ပွဲ အကဲပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးခန်း(ခေတ်ဟောင်း၊ ကာလပေါ်၊ အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေးတေး)
- ၁၆:၄၅ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် ဆိုကာ၊ ရေးတီးပြိုင်ပွဲ အကဲပြိုင်ပွဲ အကဲဖြတ်လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးခန်း
- ၁၇:၂၅ ပုံပြင်ကမ္ဘာအစီအစဉ် 'စားတော်ကဲမောင်ညက်'
- ၁၇:၃၅ ရွှေယမ်းစုံလင်အာဆီယံအစီအစဉ်
- ၁၇:၄၅ အခြေခံပညာကျောင်းများအရည်အသွေးမြင့်မားရေး မိဘဆရာအသင်းပူးပေါင်းပါဝင်ဆောင်ရွက်ပေး
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၀၅ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူအနားကချစ်လိပ်ပြာ'** (အပိုင်း-၁၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၃)ကြိမ်မြောက် ဆိုကာ၊ရေးတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း)အဆင့်)(တတိယဆု) ''ရာမာယဏဇာတ်တော်ကြီး'' (ပထမပိုင်း)

### mitv

- 07:02 Am Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:11 Weekly Review
- 07:25 Career in Floral Designing: Hsu Yi Win
- 07:41 Myanmar Designer Studio: Ael Mondra
- 08:01 News
- 08:26 Listening Pleasure, Instrumental Music (Horn Violin) Sayama
- 08:37 Preserving and Teaching Myanmar Cultural Arts (Painting & Sculpture, Music & Drama (Episode-1)
- 08:58 Census Enumeration for National Progress
- 09:01 Quiz Time (Ep-48)
- 10:01 News
- 10:26 Beasts of Asia (Malaysia)
- 10:46 Topical Topics: Kyauk Pha Yone Thee or Wax Gourd

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
စားမြိန်ဖွယ်ရာမျိုးမေ့လက်ရာ

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁၁)

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
နေပြည်တော်တိရစ္ဆာန်ဥယျာဉ်

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
အစာအိမ်ရောဂါအကြောင်း

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဖားပုတောင်ပေါ်မှလှပသောမြင်ကွင်းတစ်ခွင်

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
သဘာဝမြေသြဇာပြုလုပ်နည်း

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ကြိတ်အေတို့ချက်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဝဲယဉ်ကျေးမှု

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
တွဲလက်ညီညီသစ္စာတည် (အပိုင်း-၁)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၁၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ကမ္ဘာတစ်ခွင်မြည်းစမ်းချင်
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြောပြောဇာတ်လမ်းတို **'ပြည်သူ့ဝန်ထမ်း'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျပန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၆)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ 'သုတပဒေသာစိုက်ပျိုးနည်းပညာ' ကြံအထွက်နှုန်းတိုးစေဖို့မျိုးကောင်းမျိုးသန့်သုံးကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ 'ဂုဏ်ယူဝင့်ကြွားတို့လယ်သမား' ဝင်ငွေတိုးပွားမက္ကဒေးမီးယားစိုက်ပျိုးမှုစွမ်းအား
- ၁၈:၀၀ လှတောသားနှင့်ယောက္ခမလောင်း
- ၂၂:၀၀ Satyaprem.Ki.Katha.2023 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS Channel

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော် အောက်တိုဘာ ၄

PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နေသော မြို့၊ ရွာများကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် Drop Bomb များ၊ လက်နက်ကြီးများဖြင့် ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိပြီး ယနေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို Drop Bomb များဖြင့် ယုတ်မာရက်စက်စွာ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**Drop Bomb များ လာရောက်ပစ်ချတိုက်ခိုက်**

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၂၀၀ ခန့်အမြင့်မှနေ၍ Drone ဖြင့် Drop Bomb များ လာရောက်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်နေကြသူ အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများအား ကျေးရွာဆေးပေးခန်း၌ ဆေးကုသမှုခံယူစေလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အေးချမ်းစွာနေထိုင်နေကြသော ဒေသခံပြည်သူများနေထိုင်ရာကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့်လုပ်ရပ်သည် ဂျီနီဗာကွန်ဗန်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ရွံ့ရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှုတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့်နေရာပြပုံ။

# ရွှေဘိုမြို့နယ် မြို့ပေါ်ရပ်ကွက်တွေမှာ သန်းခေါင်စာရင်းကောက်ယူစဉ် ညွှန့်စာရင်းမတိုင်သူများကိုပါ ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူစဉ် ညွှန့်စာရင်းမတိုင်သူများကိုပါ ဖမ်းဆီးသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုတွင် စာရင်းစစ်/စာရင်းကောက်များသည် ပြဋ္ဌာန်းထားသည့် သန်းခေါင်စာရင်းကောက်ယူမှု အချက်အလက်များအတိုင်း ကောက်ယူလျက်ရှိပြီး မသက်ဆိုင်သည့် အခြားအချက်အလက်များကို စစ်ဆေးခြင်း၊ ကောက်ယူခြင်းမရှိဘဲ ဖမ်းဆီးခြင်းများလည်းမရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်သည့်အတွက် စာရင်းအချက်အလက်များ ကောက်ယူရာတွင် မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်နေမှုအပေါ် တရားမဝင်ပြည်ဖျက်မီဒီယာများက မနာလို မရှုဆိတ်ဖြင့် သတင်းတု၊ သတင်းမှားကို ပြည်သူလူထုအကြား ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Aye Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်နေ အေးအေးစိုးအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၃၁၄၀ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၄၄၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၀ | ၃၂၄၅ | ၃၂၅၅ | ၃၂၁၀ | ၃၃၃၅ | ၃၃၆၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၆၅ | ၃၂၅၅ | ၃၂၆၅ | ၃၆၇၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၀ | ၂၆၂၅ | ၂၅၈၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၇၅ | ၂၆၉၀ | ၃၀၉၅ | ၄၄၅၀ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၃၀ | ၄၄၅၀ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၃၀ | ၄၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၈ |
| 95 Ron | ၂၉၈၇ | ၃၀၈၁ |
| HSD (500 ppm) | ၂၄၂၇ | ၂၅၀၅ |
| HSD (50 ppm) | ၃၀၂၆ | ၃၁၁၆ |
| HSD (10 ppm) | ၃၀၂၆ | ၃၁၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၄ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၄၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ သုည ဒသမ ၆၃ ပေ လျော့နည်းသွားခြင်းဖြစ်သည်။

အဆိုပါရေလှောင်တမံများ၏ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၄.၁၀.၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၄.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၃၁၉၂ | ၆၂၆.၈၆ | ၅၆၄၂၈၉ | ၁၇၈၅၉ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၄၇ | ၁၇၉၆၂ | ၀.၄၅ | ၆၂၇.၄၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၆.၄၅ | ၂၇၆၆၉ | ၂၁၅ | ၈.၅၅ | ၈၈၃၁ | - | - | ၀.၂၀ | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၀ | ၅၁၈.၉၀ | ၈၈၇၆၇ | ၂၇၁ | ၁.၁၀ | ၃၀၀၃ | - | - | ၀.၂၁ | ၅၁၈.၉၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၀၀ | ၁၀၇၁၁ | ၇ | ၂.၀၀ | ၁၅၄၆ | - | - | ၀.၀၆ | ၅၁၀.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၇၀ | ၄၃၈.၀၀ | ၇၀၀၀၀ | ၂၃ | ၁.၀၀ | ၃၀၀၀ | - | - | ၀.၅၀ | ၄၃၈.၀၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | ၀.၃၀ | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၀ | ၇၈၇၁ | - | ၁.၅၀ | ၈၄၇ | - | - | - | ၄၁၆.၅၃ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၃ | ၇၀၃.၁၀ | ၁၀၅၂၃၀ | ၂ | ၆.၉၀ | ၃၇၈၆၀ | - | - | - | ၇၀၃.၁၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၁၇ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၄.၂၀ | ၁၀၅၃၄ | - | ၅.၈၀ | ၄၀၆၆ | - | - | - | ၈၆၄.၃၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## မကွေးတိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး MSME ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**မကွေး အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ MSME ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို အောက်တိုဘာ ၃ ရက်တွင် အဆိုပါရုံးရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဦးစီးအရာရှိ ဒေါ်ဆုဝေဖြိုးက MSME ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့်လုပ်ငန်းရှင်များက MSME ထုတ်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**





## ကလောမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲကျင်းပ

**ကလော အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် (၁/၂၀၂၄) အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့တွင် မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ကလောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးလင်းဇော်ထွေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားစံပြဆု၊ ပထမ၊ ဒုတိယ၊ တတိယရရှိသည့်သင်တန်းသားများနှင့် သင်တန်းဆင်းလက်မှတ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးလင်းဇော်ထွေး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး နိုင်လင်းထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဇော်တို့က ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ကလောမြို့နယ်အတွင်းရှိကလောမြို့၊ အောင်ပန်းမြို့၊ ဟဲဟိုးမြို့၊ ဘော်ဆိုင်းမြို့တို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ကို စက်တင်ဘာ ၉ ရက်မှ အောက်တိုဘာ ၄ ရက် အထိ ရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

နေပြည်တော် အောက်တိုဘာ ၄

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (A) တွင် ကကွက်ပြိုင်ပွဲ၊ ဝိတ်တန်းအလိုက် အတိုက်ပြိုင်ပွဲကို ယှဉ်ပြိုင်ကစားပြီး အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်တိုက်ကွမ်ဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။



ထို့ပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသားအမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (B) တွင် အမျိုးသား ကွာတားအဆင့် ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ (C) ၌ အားကစားအမျိုးအစားအလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံ၌လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ အကြိုဗိုလ်လုပွဲစဉ်အဖြစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး စခန်းမှူးရုံးကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး စခန်းမှူးရုံး ကိုယ်စားပြုအသင်းအား နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ဗိုလ်လုပွဲသို့ တက်ရောက်သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကျိုက်ထိုမြို့နယ် အမက (ခြသေ့်နှစ်ကောင်)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

ကျိုက်ထို အောက်တိုဘာ ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက်ရှိ အမက (ခြသေ့်နှစ်ကောင်) ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်ကြသည်။

**ဟောပြောဆွေးနွေး**

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဟေမာန်စိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## သထုံမြို့နယ်၌ ယခုနှစ် ရော်ဘာရာသီစတင်ချိန် ခြံဖွင့်ဈေးကောင်းရရှိ

သထုံ အောက်တိုဘာ ၄

မွန်ပြည်နယ် သထုံမြို့နယ်၌ ယခုနှစ် ခြံဖွင့်ရာသီစတင်ချိန်၌ ရော်ဘာအဝယ်ဒိုင်များက အချိန်စော၍ ဈေးကောင်းပေး ဝယ်ယူနေပြီး ရော်ဘာဈေးနှုန်းပေါက်ဈေးမှာ ပြီးခဲ့သည့်နှစ် ခြံဖွင့်ရာသီကထက် ဈေးပိုရကြောင်း ဒေသတွင်းရော်ဘာစိုက်တောင်သူများထံမှ သိရသည်။



"ခြံက အစေးစပြီး ခြစ်နေပြီ။ အစဆိုတော့ အစေးအထွက်နည်းသေးတယ်။ ခုအချိန်က ခြံထဲက ထွက်သလောက် တစ်ပတ်၊ ဆယ်ရက်တစ်ခါစုပြီးရောင်းပါတယ်။ မိုးလေမမှန်သေးဘူးဆိုတော့ ရသလောက်နဲ့ နေလှန်းပြားပဲ ရောင်းပါတယ်။ ခြံဖွင့်အစေးစခြစ်တဲ့ရာသီရောက်နေပြီဆိုပေမယ့် ကျွမ်းကျင်တဲ့ရော်ဘာအငှားခြစ်သူတွေ ရှာရခက်ပြီး အငှားခက်လာတာကြောင့် ဒီနယ်တစ်ကြောမှာတော့ မခြစ်နိုင်ကြသေးတဲ့ခြံအတော်များပါသေးတယ်"ဟု တစ်နိုင်တစ်ပိုင်ရော်ဘာစိုက်တောင်သူ ဦးသာထိုက ပြောသည်။

ယခင်နှစ်က နေလှန်းရော်ဘာတစ်ပေါင် ကျပ် ၁၇၀၀ ခန့်ဖြင့် ဈေးဖွင့်ခဲ့ပြီး ယခုနှစ်တွင် ကျပ် ၃၁၀၀ ဝန်းကျင်ဖြင့် ဈေးဖွင့်ခဲ့ကာ နေလှန်းပြားများကိုသာ လာရောက်ရောင်းချသူများကြောင်း ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ဒီရာသီမှာ အစောဆုံး အဝယ်ဖွင့်တာပါ။ ရာသီဥတုအခြေအနေအရ ဝယ်ယူရရှိမှုတော့နည်းသေးတယ်။ တစ်နေ့ကို ပေါင် ၂၅၀၀ ကျော်လောက်တော့ ဝယ်နေရတယ်။ နေလှန်းပြားပဲ အဝယ်များပြီးတော့ မိုးတင်ပြန်ရောင်းတယ်" ဟု သုဝဏ္ဏဝတီမြို့ ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေးဆိုင်မှ ဦးဝေယံက ပြောသည်။

ယခုနှစ်တွင် ဈေးကွက်ဖွင့်ချိန်စောပြီး ရော်ဘာတောင်သူအချို့မှာ လက်ရှိအချိန်အထိ လုပ်ငန်းခွင်စတင်ရန် ပြင်ဆင်နေဆဲဖြစ်ကြောင်း၊ ခြံတောင်သူအချို့မှာလည်း အစေးခြစ်သူအလုပ်သမားများ ရှားပါးနေခြင်းကြောင့် လုပ်ငန်းခွင်စတင်ရန် အခက်အခဲရှိနေကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**ပန်းတောင်း အောက်တိုဘာ ၄**

ပဲခူး တိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်လဝကမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်၊ ခရိုင်ရဲမှူး ဒုရဲမှူး မြင့်ထွန်းနိုင်နှင့် အဖွဲ့သည် ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ယနေ့နံနက်ပိုင်းက ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

**လိုက်လံစစ်ဆေး**

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင် ဦးဆောင်၍ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မကျီးစုကျေးရွာတွင် သန်းခေါင်စာရင်း ကောက်ယူနေမှု၊ ဘုရားပေါ်ကျေးရွာတွင် သန်းခေါင်စာရင်း ကောက်ယူနေမှုတို့ကို လိုက်လံစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သင်းသင်းအေး (ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

တိုက်ကြီး အောက်တိုဘာ ၄

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို စာရင်းစစ် ၆၁ ဦး၊ စာရင်းကောက် ၂၃၁ ဦး စုစုပေါင်း ၂၉၂ ဦးတို့ဖြင့် ကောက်ကွက် ၇၀၈ ကွက်အား အောက်တိုဘာ ၁ ရက်မှစတင်၍ကောက်ယူလျက်ရှိသည်။

ထိုသို့သန်းခေါင်စာရင်းကောက်ယူနေမှုအခြေအနေများကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေး၊ မြို့နယ် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဝင်းဆွေနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝဘေးဒဏ်ခံကာလအတွင်း ကျွဲ၊ နွား၊ သိုးနှင့် ဆိတ်များကို အာဟာရ ဘယ်လိုဖြည့်တင်းပေးသင့်လဲ

**တက္ကသိုလ်မောင်ပျံ့မွှေး**

မိုးခေါင်ရေရှားခြင်း၊ တောမီးလောင်ခြင်းနှင့် ရေကြီးခြင်း စသည့်သဘာဝဘေးဒဏ်များ၏ အကျိုးဆက်ကို လူသားတို့နှင့်အတူ တိရစ္ဆာန်များပါ ခံစားကြရပါသည်။ လူသားများအတွက် ထိုဘေးဒဏ်များမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အုံနှင့်ကျင်းနှင့် အထူးလုပ်ဆောင်ကြသော်လည်း တိရစ္ဆာန်များအတွက်မူကား အမေ့လျော့ခံ သို့မဟုတ် အနည်းငယ်သောအဖွဲ့အစည်း လူပုဂ္ဂိုလ်တို့၏ အကူအညီသာရရှိကြပြီး သဘာဝဘေး၏ နောက်ဆက်တွဲဒဏ်ကို ထုနှင့်ထည်နှင့် နင့်သီးဆိုးရွားစွာ ခံစားရလေ့ရှိပါသည်။ အထူးသဖြင့် စားမြုံ့ပြန်သတ္တဝါများဖြစ်သော ကျွဲ၊ နွား၊ သိုးနှင့် ဆိတ်များသည် အစာအာဟာရပြတ်လပ်ခြင်းဒဏ် ခံစားကြရပါသည်။ ထို့ကြောင့် ၎င်းတို့၏ အစာလိုအပ်ချက်အခြေခံသဘောတရားများအပေါ် မူတည်ပြီး သဘာဝဘေးဒဏ်ခံကာလအတွင်း အာဟာရဖြည့်တင်းပေးရန် လိုအပ်ပါသည်။

**အစာကြောင့် ဘေးထပ်မဖြစ်စေရေး အထူးဂရုပြုကျွေးမွေး**

သဘာဝဘေးဒဏ်များ ဖြစ်ပွားပြီးနောက် စားမြုံ့ပြန်သတ္တဝါများ အသက်ရှင်ရပ်တည်နိုင်ရေးသည် အခြေခံအာဟာရ လိုအပ်ချက်ဖြည့်တင်းပေးနိုင်မှုအပေါ် မူတည်နေပါသည်။ ထို့အတွက် အခြေခံအာဟာရလိုအပ်ချက်များ၊ အရေးပေါ်ကာလအတွင်း ကျွေးသင့်သည့် သို့မဟုတ် မကျွေးသင့်သည့်အစာအမျိုးအစားနှင့် ကျွေးမွေးပုံနည်းစနစ်သည် အခရာကျလာပါသည်။ ရေကြီးရေလျှံချိန်များတွင် တိရစ္ဆာန်များမှာ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်ခြင်း ဖြစ်နေတတ်ရာ အစာကြောင့် ဘေးထပ်မဖြစ်စေရေး အထူးဂရုပြုကျွေးမွေးရမည်ဖြစ်သည်။

စားမြုံ့ပြန်သတ္တဝါအစာကို ယေဘုယျအားဖြင့် မြက်၊ ကောက်ရိုးကဲ့သို့ အမျှင်ကြမ်းများကို အစာကြမ်းအဖြစ်လည်းကောင်း၊ ဖွဲ၊ ဆန်ကွဲ၊ ပဲဖတ်၊ နှမ်းဖတ်တို့ကို အစာနုဟူ၍လည်းကောင်း ခွဲခြားသတ်မှတ်ထားသည်။ ဆန်ကွဲနှင့် ပြောင်းကဲ့သို့သော အစာနုများသည် စွမ်းအင်ဓာတ်ပိုကဲပါဝင်သောကြောင့် စွမ်းအင်အစာနုအဖြစ် လည်းကောင်း၊ ပဲဖတ်၊ နှမ်းဖတ်ကဲ့သို့သော အစာနုများသည် အသားဓာတ်ပိုကဲပါဝင်သဖြင့် အသားဓာတ် အစာနုအဖြစ်လည်းကောင်း ထပ်မံခွဲခြားထားပါသည်။ စားမြုံ့ပြန်သတ္တဝါများသည် အစာအိမ်တွင် အခန်းလေးခန်းပါဝင်ဖွဲ့စည်းထားပြီး ပထမအစာအိမ်ခန်းအတွင်း၌ သန်းပေါင်းများစွာသော အဏုဇီဝပိုးများကို သိုမှီးပေးထားသည်။ ၎င်းတို့က အစာခြေဖျက်ပေးခြင်း၊ အသားမစားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်



များအတွက် အသားဓာတ်ထုတ်လုပ်ပေးခြင်း၊ သက်စောင့်ဗီတာမင်ဓာတ်များ ထုတ်လုပ်ပေးခြင်းနှင့် မလိုလားအပ်သော အဆိပ်အတောက်များကို ဖယ်ရှားပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

**ကျွေးသင့်သည့် အကောင်းဆုံးအစာကြမ်း**

စားမြုံ့ပြန်သတ္တဝါတစ်ကောင် တစ်ရက်လျှင် အနည်းဆုံးစားသုံးရမည့် အစာကြမ်းပမာဏသည် ၎င်းတို့၏ ခန္ဓာကိုယ်အလေးချိန်၏ ၁-၂.၅ ရာခိုင်နှုန်းဖြစ်သည်။ ဥပမာ ကိုယ်အလေးချိန် ၃၀ ပိဿာရှိသော တိရစ္ဆာန်တစ်ကောင်သည် တစ်နေ့လျှင် အစာကြမ်း အနည်းဆုံး ၃၀-၆၅ ကျပ်သား စားသုံးရမည်ဖြစ်သည်။ ဤတွင် ရေဓာတ်မပါသော အစာကို ဆိုလိုရင်းဖြစ်သည်။ သဘာဝဘေးကာလအတွင်း ကျွဲ၊ နွား၊ သိုးနှင့် ဆိတ်များကို ကျွေးသင့်သည့် အကောင်းဆုံးအစာကြမ်းမှာ မြက် သို့မဟုတ် မြက်ခြောက်ဖြစ်ပါသည်။ ထို့အပြင် အခြောက်လှန်းထားသောပဲမျိုးနွယ်ပင် (မြေပဲပင်ခြောက်များ၊ ပဲရိုးပဲမှော်များ၊ ဘောစကိုင်း စသည်) များလည်း ကျွေးနိုင်ပါသည်။ အယ်လ်ဖာဖာကဲ့သို့ စွမ်းအင်ဓာတ်များသော ပဲမျိုးနွယ်အပင်များကို ကျွေးရာတွင် များစွာမကျွေးမိဖို့ သတိထားရပါမည်။

အစာကြမ်းတွင် အသားဓာတ် အနည်းဆုံး ရှစ်ရာခိုင်နှုန်းပါဝင်ပြီး အာဟာရခြေဖျက်နိုင်မှု ၅၀ ရာခိုင်နှုန်းရှိလျှင် အရည်အသွေးကောင်းသည်ဟု မှတ်ယူနိုင်ပါသည်။ ကောက်ရိုး၊ ပြောင်းရိုးများတွင် အသားဓာတ် ငါးရာခိုင်နှုန်းဝန်းကျင်သာ ပါဝင်ပြီး အစာခြေဖျက်မှုလည်းနည်းသဖြင့် ၎င်းတို့သည် အရည်အသွေးညံ့သော အစာကြမ်းများဖြစ်ပါသည်။ ထိုသို့သော အစာကြမ်းများကျွေးရမည်ဆိုလျှင် အသားဓာတ် ၂၀-၃၀ ရာခိုင်နှုန်းပါဝင်သော အစာနု သို့မဟုတ် ဖြည့်စွက်စာ ၂၀ ကျပ်သားဝန်းကျင် ထည့်သွင်းကျွေးသင့်ပါသည်။ သို့မှသာ စားမြုံ့ပြန်သတ္တဝါများ၏ ပထမအစာအိမ်အတွင်းရှိ အဏုဇီဝပိုးများအတွက် နိုက်ထရိုဂျင်ရရှိကာ ၎င်းတို့ ပိုမိုရှင်သန်ကြီးထွားလာပြီး တိရစ္ဆာန်များက အစာပိုစားလာကာ အစာခြေဖျက်မှုလည်း ကောင်းလာစေပါသည်။ အာဟာရလည်း ပိုဖြစ်စေပါသည်။

**ဖြည့်စွက်စာများဖြင့် ရောနှောကျွေးရ**

နိုက်ထရိုဂျင် ပါဝင်မှုနည်းပြီး အစာခြေဖျက်ရန်ခက်ခဲသည့် ကောက်ရိုး၊ ပြောင်းရိုးနှင့် ဂျုံရိုးကဲ့သို့သော စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများအသုံးပြု၍ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုလျှင် ထုတ်လုပ်မှုကောင်းမည်မဟုတ်ပေ။ ထိုသို့သော အရည်အသွေးညံ့စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုမည်ဆိုလျှင် ဖြည့်စွက်စာများဖြင့် ရောနှောကျွေးရသည်။ ဥပမာ နွားများကို ကောက်ရိုးနှင့်အတူ တစ်ရက်လျှင် ပုလဲဓာတ်မြေဩဇာ ၁၀ ကျပ်သား ဖြည့်စွက်ကျွေးမည်ဆိုလျှင် ကောက်ရိုးများအစာကြေလွယ်သွားစေပြီး စွမ်းအင်ထုတ်ယူနိုင်မှု ပိုကောင်းလာစေပါသည်။

နွား၏ ပထမအစာအိမ်အတွင်း ဂေဟဗေဒစနစ် ကောင်းမွန်လာမှုကြောင့် ဖြစ်ပါသည်။ ထိုသို့ အစာအိမ်အတွင်းရှိဂေဟစနစ်ကို ပြောင်းလဲပေးခြင်းဖြင့် အရည်အသွေးညံ့သော အစာကြမ်းများ စားစေကာမူ နွားက အာဟာရပိုမိုရရှိနေလေ့ရှိပါသည်။ ယူရီးယားသကာခဲ (အာဟာရတုံး) တွင် စားမြုံ့ပြန်သတ္တဝါများ ကောင်းစွာအသုံးချနိုင်သည့် အာဟာရဖြစ်သည့် ယူရီးယား၊ သကာရည်၊ ပဲဖတ်၊ ဖွဲ၊ သတ္တုဓာတ်များ ဖြည့်စွက်ထုတ်လုပ်ထားလေ့ရှိသဖြင့် ရေကြီးရေလျှံချိန်များတွင် ကျွေးမွေးရန် အထူးသင့်လျော်ပါသည်။ ယူရီးယားသကာခဲက စားမြုံ့ပြန်သတ္တဝါ၏ အစာအိမ်အတွင်းရှိ အဏုဇီဝပိုးများကို ပိုမိုရှင်သန်လာစေပြီး ကောင်းမွန်သည့် ဂေဟစနစ်တစ်ခုအဖြစ် ပြောင်းလဲပေးသဖြင့် စားသမျှအစာများမှ စွမ်းအင်နှင့် အဏုဇီဝအသားဓာတ်ထုတ်ယူနိုင်စွမ်း ပိုကောင်းလာစေပါသည်။

နွားငယ်လေးများသည် များသောအားဖြင့် အရည်အသွေးကောင်းသော အစာကိုသာ ရွေးချယ်စားသုံးလေ့ရှိပြီး ထိုအစာများရရှိမှသာ ရှင်သန်နိုင်ကြသည်။ သဘာဝဘေးကြုံတွေ့ရစဉ်ကာလများတွင် နွားငယ်လေးများ ကြိုက်နှစ်သက်သော အစာများမရရှိသဖြင့် ပိုပြီး ထိခိုက်လွယ်ကြသည်။ ထို့ကြောင့် တစ်ရက်လျှင် အစာနု ၂၀-၅၀ ကျပ်သား ထည့်သွင်းဖြည့်စွက်ကျွေးမည်ဆိုလျှင် ကောင်းမွန်သောရလဒ်ကို ရရှိနိုင်ပါသည်။

**အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်တတ်**

တိရစ္ဆာန်အမျိုးအစားကိုလိုက်၍ အစာကြမ်း၊ အစာနုပါဝင်မှုကို ၇၀+၃၀၊ ၅၀+၅၀ စသည့် ကျွေးမွေးလေ့ရှိသော်လည်း သာမန်အားဖြင့် အစာကြမ်း ၆၀ ရာခိုင်နှုန်းနှင့် အစာနု ပမာဏ ၄၀ ရာခိုင်နှုန်း ရောနှောကျွေးမွေးခြင်းသည် ကောင်းမွန်၏။ ရေဘေးသင့်ဒေသများတွင် တိရစ္ဆာန်အစာပင်များ ရွှံ့ညွန်များဖုံးလွှမ်းကာ ပျက်စီးသွားလေ့ရှိသည်။ ထိုသို့ သဘာဝဘေးဒဏ်ခံနေရစဉ်ကာလအတွင်း အစာကြမ်းမရရှိနိုင်သဖြင့် အစာနုကို အဓိကအစာအဖြစ် ကျွေးမွေးခြင်းကို လုံးဝရှောင်ရှားရမည်ဖြစ်သည်။ ထိုသို့ကျွေးခြင်းကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်တတ်ပါသည်။

သဘာဝဘေးဒဏ်ခံရသောဒေသသို့ အစာကြမ်းများ သယ်ယူပို့ဆောင်ရန် ခက်ခဲနေစဉ်ကာလအတွင်း အစာနုကို အနည်းငယ်ကျွေးခြင်းဖြင့် အသက်ဆက်နိုင်ခြေရှိပါသည်။ ထို့ကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာပြဿနာနည်းစေသည့် အစာနုများကို ရွေးချယ်ကျွေးရန်လိုမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း တိရစ္ဆာန်၏သဘာဝကို နားလည်ရန်လိုသည်။ အချို့သောတိရစ္ဆာန်သည် အစာနုကို စားလေ့စားထမရှိသဖြင့် မစားကြပေ။ အချို့သည် လွန်စွာကြိုက်နှစ်သက်သဖြင့် များစွာစားလေ့ရှိပါသည်။ ထိုသို့အစာနုများစွာစားမိလျှင် အစာအိမ်အက်စစ်ဓာတ်လွန်ကဲသွားခြင်း၊ အစာမကြေခြင်း၊ အစာအိမ်လေဖောင်းခြင်း၊ ထိုမှတစ်ဆင့် အသက်ရှူကျပ်ခြင်းနှင့် နောက်ဆုံး သေဆုံးနိုင်ပါသည်။

သဘာဝဘေးဒဏ်ခံနေရသောကာလ အစာကြမ်းပြတ်လပ်စဉ်တွင် စားမြုံ့ပြန်သတ္တဝါများကို မကျွေးသင့်သော အစာနုများမှာ ပြောင်း၊ ဖွဲနုနှင့် ကစော်ဖတ်၊ ဘီယာကြိတ်ဖတ်များဖြစ်ပါသည်။ သဘာဝဘေးအရေးပေါ်ကာလတွင် ဦးစားပေးရွေးချယ်ကျွေးသင့်သည့်အစာများမှာ ဝါစေ့၊ ဝါစေ့ကြိတ်ဖတ်၊ ကုလားပဲခွံ၊ ပဲကြီးခွံ၊ သကြားမုန်လာ၊ ဂျုံမှော်နှင့် မုယောမှော်တို့ ဖြစ်ပါသည်။

စားမြုံ့ပြန်သတ္တဝါများ၏ ပထမအစာအိမ်အတွင်း၌ အမျှင်ဓာတ်ကို ခြေဖျက်သည့် ဗက်တီးရီးယားများသည် ၎င်းတို့ရှိသင့်ရှိထိုက်သည့် အရေအတွက်၊ ဦးရေရှိမှသာ အစာခြေဖျက်နိုင်ကြသည်။ ထိုသို့ လိုအပ်သောအရေအတွက်၊ ဦးရေရရှိရန်အတွက် တစ်လမှ တစ်လခွဲကာလအထိ ပြုစုမွေးမြူပွားများရလေ့ရှိသည်။ **စာမျက်နှာ ၁၉ သို့ ○**

- **သဘာဝဘေးဒဏ်ခံနေရစဉ်ကာလအတွင်း အစာကြမ်းမရရှိနိုင်သဖြင့် အစာနုကို အဓိကအစာအဖြစ် ကျွေးမွေးခြင်းကို လုံးဝရှောင်ရှားရမည် ဖြစ်သည်။ ထိုသို့ကျွေးခြင်းကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်တတ်**
- **သဘာဝဘေးဒဏ်ခံနေရသောကာလ အစာကြမ်းပြတ်လပ်စဉ်တွင် စားမြုံ့ပြန်သတ္တဝါများကို မကျွေးသင့်သော အစာနုများမှာ ပြောင်း၊ ဖွဲနုနှင့် ကစော်ဖတ်၊ ဘီယာကြိတ်ဖတ်များဖြစ်ပါသည်။ သဘာဝဘေးအရေးပေါ်ကာလတွင် ဦးစားပေးရွေးချယ် ကျွေးသင့်သည့်အစာများမှာ ဝါစေ့၊ ဝါစေ့ကြိတ်ဖတ်၊ ကုလားပဲခွံ၊ ပဲကြီးခွံ၊ သကြားမုန်လာ၊ ဂျုံမှော်နှင့် မုယောမှော်တို့ဖြစ်**

# ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65)၊ Scentroid(SL – 50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh(Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS)နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide($NO_2$)၊ Ozone($O_3$) နှင့် Carbon Monoxide(CO)စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td colspan="7">ပြည်ထောင်စုနယ်မြေ နေပြည်တော်</td></tr>
<tr><td></td><td>၁ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="7">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ သာကေတမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄ သန်လျင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆ ဒလမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၇ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="7">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ အောင်မြေသာစံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃ ပုသိမ်ကြီးမြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၄ ညောင်ဦးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၅ ကျောက်ဆည်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၆ ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇ မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="7">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ မုံရွာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ ကသာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃ ဟုမ္မလင်းမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၄ လဟယ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="7">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ထားဝယ်မြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="7">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ပဲခူးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="7">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ မကွေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ သရက်မြို့</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="7">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁ ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="7">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁ ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂ မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="7">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁ မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂ သထုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="7">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁ တောင်ကြီးမြို့</td><td></td><td colspan="3">ကောင်းမွန်</td><td></td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂ ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5"></td></tr>
<tr><td></td><td>၃ တာချီလိတ်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**❍ စာမျက်နှာ ၁၈ မှ**

ဆန်ကွဲ၊ ပြောင်းစသော ကစီဓာတ်ကို ချေဖျက်သည့် ဇက်တီးရီးယားများအတွက်မူကား လေး၊ ငါးရက်အတွင်း သတ်မှတ်လိုအပ်သည့်ဦးရေ ရရှိနိုင်ကြသည်။ လက်တစ်အက်စစ်ထုတ်လုပ်သည့် ဇက်တီးရီးယားများအတွက်မူကား အချိန် ၄–၆ နာရီဝန်းကျင်အတွင်း များစွာပွားများနိုင်ကြသည်။

ထို့ကြောင့် စားမြုံ့ပြန်သတ္တဝါအစာကျွေးမွေးရာတွင် အစာကိုတစ်သမတ်တည်းကျွေးရန် အထူးလိုအပ်သည်။ မကြာခဏ အစာပြောင်းလဲကျွေးခြင်း လုံးဝမပြုလုပ်ရပါ။ အစာရှားပါးခြင်းကြောင့် အဆိပ်အတောက်ဖြစ်စေသော အပင်များကျွေးခြင်းကိုလည်း လုံးဝမပြုလုပ်ရပါ။ ထို့အပြင် ဓာတုပစ္စည်းများ သို့မဟုတ် ပိုးသတ်ဆေးများနှင့် ထိတွေ့ထားသော အစားအစာများကိုလည်း လုံးဝကျွေးမွေးရန် မသင့်ပါ။

ရေလွှမ်းမိုးမှုကြောင့် သိုလှောင်ထားသော တိရစ္ဆာန်အစာများ မှိုတက်သွားတတ်ပါသည်။ မှိုတက်နေသောအစာများသည် အာဟာရတန်ဖိုးမရှိတော့သည့်အပြင် စားမိသောတိရစ္ဆာန်သာမက ထိုတိရစ္ဆာန်၏ အသားနှင့် နို့ကို သောက်သုံးမိသောလူများပါ အဆိပ်အတောက်ဖြစ်စေသည်။ အကယ်၍ ရေဘေးသင့်ဒေသတွင် ထိုသို့ မှိုတက်နေသောအစာသာ အဓိကအစာဖြစ်နေမည်ဆိုလျှင် သာမန်အရွယ်ရောက်ပြီးတိရစ္ဆာန်များကိုသာ ကျွေးသင့်ပါသည်။ ကိုယ်ဝန်ရှိသောတိရစ္ဆာန်များ၊ နို့ပေးနေသောတိရစ္ဆာန်များနှင့် တိရစ္ဆာန်ငယ်လေးများကို လုံးဝမကျွေးသင့်ပါ။ မှိုတက်နေသောအစာများကို ကျွေးရမည်ဆိုလျှင်လည်း စားမိသောမှိုပမာဏနည်းသွားစေရန် လတ်ဆတ်သော အရည်အသွေးကောင်းအစာနှင့် ရောနှောကျွေးရမည်။ ဖြစ်နိုင်လျှင် မှိုစုပ်ဆေးများ ထည့်သွင်းကျွေးနိုင်ပါသည်။

သိုလှောင်ထားသောအစာများ ရေစိုသွားမည်ဆိုလျှင် မှိုတက်တတ်သည်။ ထိုသို့ မှိုမတက်မီ ပြန်လည်ခြောက်သွေ့စေရန် အခြောက်လှန်းခြင်း၊ အချဉ်သိပ်ခြင်းပြုလုပ်နိုင်ပါသည်။ မြက်ခြောက်များကို ချဉ်ဖတ်လုပ်ခြင်းသည် လွယ်ကူသောအလုပ်မဟုတ်သော်လည်း သဘာဝဘေးကာလများတွင် အစာပြတ်လပ်မှုမရှိစေရေးနှင့် သန့်ရှင်းသော ဘေးကင်းသည့်အစာများရရှိရေးသည် ပိုအရေးကြီးသဖြင့် ကြိုးစားလုပ်ဆောင်သင့်ပါသည်။

သဘာဝဘေးဒဏ်ခံနေရသော ကာလများအတွင်း စားမြုံ့ပြန်သတ္တဝါများ အစာအာဟာရပြတ်လပ်မှုမရှိစေရေးအတွက် ရွေးချယ်ရမည့်အစာအမျိုးအစား၊ အစာကျွေးပုံကျွေးနည်း၊ ဖြည့်စွက်စာကျွေးသင့်ပုံနှင့် အစာရရှိရေးလုပ်ဆောင်နိုင်ပုံများကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်သည်။ စားမြုံ့ပြန်သတ္တဝါများသည် အစာအိမ်အတွင်း အဏုဇီဝပိုးများရှိနေခြင်းကြောင့် လူသားတို့မစားသုံးနိုင်သော မြက်၊ ကောက်ရိုး အစာကြမ်းများကို အဓိကစားသုံးနိုင်ပြီး လူသားတို့ နှစ်သက်စွာစားသုံးသော အသားနှင့် နို့ကဲ့သို့သော အရည်အသွေးမြင့် အသားဓာတ်ကို ထုတ်လုပ်ပေးနေသည့် စံပြုထိုက်သည့်သတ္တဝါများ (Unique animals) ဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးဒဏ်ခံရသော စားမြုံ့ပြန်သတ္တဝါများကို ကယ်တင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ပေးရန်မှာ ထိုက်တန်သော လုပ်ငန်း၊ လုပ်သင့်သည့် လုပ်ရပ်တစ်ခုလည်း ဖြစ်ပါသည်။ ။

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

○ ကျောဖုံးမှ

စပါးအသင်းကတော့ ဖီရန်ဗာရော့စ် အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ပါပီဆားနဲ့ ဘရန်နန်ဂွန်ဆင်တို့ရဲ့ သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ စပါးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ယူရိုပါလိဂ်နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့ပြီဖြစ်ပါတယ်။

**ရပ်တည်နေ**

လာဇီယိုအသင်းနဲ့ စပါးအသင်းတို့ဟာ နှစ်ပွဲဆက်နိုင်ပွဲရရှိခဲ့တာကြောင့် ယူရိုပါလိဂ်ပွဲစဉ်(၂)ယှဉ်ပြိုင် ကစားပြီးချိန်မှာ ရမှတ်ခြောက်မှတ်စီရရှိထားကာ အမှတ်ပေးဇယားအဆင့်(၁)နဲ့ အဆင့်(၃)နေရာတို့မှာ အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

ပေါ်တိုအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ မန်ယူအသင်းဟာ ပွဲကစားချိန် ၈၁ မိနစ်မှာ ဖာနန်ဒက်စ် နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရပြီးနောက် သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်နေခဲ့ပေမယ့် သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို တစ်မိနစ်မှာ ရရှိခဲ့တဲ့ မာကွိုင်းယားရဲ့သွင်းဂိုးကြောင့် သရေတစ်မှတ်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**




# ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၄**

ရာဂီတိုင်ဖွန်းမုန်တိုင်း၏ ရိုက်ခတ်မှုကြောင့် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ကြောင့် ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီး၌ နိုင်ငံကျော်အဆိုတော်များဖြင့် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖျော်ဖြေမည်**

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ဦးစီးကျင်းပမည့် "ကူညီကမ်းဆက် ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေဂီတဖျော်ဖြေပွဲအစီအစဉ်တွင် တေးသံရှင် ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော်၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ L ဆိုင်းဇီ၊ နီနီခင်ဇော်၊ ရတနာမိုင်၊ ပိုပို၊ ပန်းရောင်ခြယ်၊ ယွန်းမြတ်သူ၊ ဖွဲ့ပြည့်၊ ဆိုင်စံနှင့် နေမင်းအိမ်တို့က မြူးကြွလန်းဆန်းသော တေးသီချင်းတို့ဖြင့် ဖျော်ဖြေသွားမည်ဖြစ်သည်။

အဆိုပါ ရန်ပုံငွေပွဲတွင် ပါဝင်လှူဒါန်းကြည့်ရှုနိုင်ရန် လက်မှတ်များကို Junction City(ဗိုလ်ချုပ်လမ်း) ၄ လွှာ Music Box၊ Junction Square(Secret Garden) ပြည်လမ်း Music Box၊ အလုံလမ်းနှင့်ပြည်လမ်းထောင့်ရှိ Yangon International Hotel Music Box၊ တာမွေမြို့နယ်ရှိ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ရုံး၊ အမျိုးသားကဇာတ်ရုံတို့၌ (ရုံးချိန်အတွင်း) နှင့် Online မှ K Pay ဖြင့် ၀၉ ၂၅၂၈၀၄၃၀၈ သို့ လက်မှတ် တစ်စောင်လျှင် ငွေကျပ် ၂၀၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **လေဖိအားနည်းရပ်ဝန်းမှ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

**မိုး/ဇလ**

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၄-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၅-၁၀-၂၀၂၄ ရက်နေ့နှင့် ၆-၁၀-၂၀၂၄ ရက်နေ့တို့အတွက် မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




# အင်္ဂပူမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**အင်္ဂပူ အောက်တိုဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(ဆွယ်) စက်မှုလယ်ယာစခန်း အင်္ဂပူမြို့တွင် ယနေ့နံနက်ပိုင်းက လယ်ယာသုံး စက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အခြေခံသင်တန်း) ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကား ပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွှေထွန်းကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် ရောင်းချမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းဖွင့်ပွဲသို့ ခရိုင်ဦးစီးမှူး ဦးအောင်သန်းကျော်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ စက်မှုလယ်ယာစခန်း (ဆွယ်) အင်္ဂပူမြို့ မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းနိုင်နှင့် ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းကို အောက်တိုဘာ ၂ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြောင်းနှင့် သင်တန်းတွင် ထွန်စက်၊ ရိတ်စက်များ၏ ဆီ၊ ရေ၊ လေ အခန်းကဏ္ဍများနှင့် မောင်းနှင်ထိန်းသိမ်းမှုများကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက် အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုလီမိတက် ၏ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သဘာပတိအသင်းစုဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဒေါ်အေးသူမြင့်က ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းစုဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့်နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဒုတိယဥက္ကဋ္ဌ(၁)ဦးဖုန်းမြင့်ကလည်းကောင်း၊ အသင်းစာရင်းစစ်အစီရင်ခံစာအား ဦးကျော်ရွှေက ဖတ်ကြားတင်ပြရာ အသင်းဝင် ကိုယ်စားလှယ်များ၏ အတည်ပြုချက်များကို ရယူခဲ့ကြသည်။ ထို့နောက် အသင်းဝင် ခရိုင်လေးခရိုင် GEC သမဝါယမအသင်းများအား အစုပေါ်အမြတ်ငွေ ၇၄၆၉၂၁၀ ဒသမ ၁၄ ကျပ်အား ခွဲဝေပေးခဲ့ကြောင်းသိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၂)ခု အတွက် ကျပ်သန်း (၂၀ နှင့် ၂၀၀)ကြား နှင့် ကျပ်သန်း (၂၀၀)အထက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်းနှင့် သောင်တူးဖော်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းတစ်ရပ်လုံး တင်ဒါခေါ်ယူခြင်းတို့အား ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ဝယ်ယူမည့်လုပ်ငန်းသုံးပစ္စည်းများ**

| စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀-၂၀၀)ကြား | စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀-၂၀၀)ကြား | စဉ် | ဝယ်ယူမည့် လုပ်ငန်းသုံးပစ္စည်းများ ကျပ်သန်း (၂၀၀) အထက် |
|---|---|---|---|---|---|
| ၁။ | Geotextile | ၅။ | ၄''-၆'' ကျောက်ကြီး | ၁။ | ဘိလပ်မြေ |
| ၂။ | Gabion Box (3mx 3mx1m) | ၆။ | ၆''-၉'' ကျောက်ကြီး | ၂။ | 16 mm Ø MS Rod |
| ၃။ | Gabion Box (2mx 2mx1m) | ၇။ | 16 mm Ø MS Rod | ၃။ | ၄'' - ၆'' ကျောက်ကြီး |
| ၄။ | Gabion Box (2mx2mx0.5m) | ၈။ | 12 mm Ø MS Rod | | |

**လုပ်ငန်းတစ်ရပ်လုံးတင်ဒါ**

| စဉ် | လုပ်ငန်းအမျိုးအစား |
|---|---|
| ၁။ | နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ နဝင်းချောင်းတံတား သောင်တူးဖော်ခြင်းလုပ်ငန်း |

၂။ တင်ဒါပုံစံရောင်းချခြင်း - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ အမှတ် (၄၀၀)၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၇ - ၁၀ - ၂၀၂၄ )(ရုံးချိန်အတွင်း)

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - (၂၁ - ၁၀ - ၂၀၂၄ ) / (၁၅:၃၀) နာရီ

တင်ဒါဖွင့်လှစ်မည့်ရက် - (၂၄ - ၁၀ - ၂၀၂၄ )

၃။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးချုပ်၊ ဖုန်း- ၀၉-၈၈၀၀၀၄၉၇၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ အင်းဝ(၆)လမ်း၊ မြေကွက်အမှတ်(၄၆၅/က) ဧရိယာ(၂၀'x၆၀')ရှိသည့်၊ နှစ်(၆၀)မြေငှါးဂရန်တွင် ဦးဝေဖြိုးအောင်(၁၂/ကမရ(နိုင်)၁၅၈၇၇၂)အမည်ပေါက် မြေကွက်နှင့်မြေပေါ်ရှိနေအိမ်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်နှင့်နေအိမ်ကို နှစ်(၆၀)မြေငှါးဂရန်တွင် တရားဝင် အမည်ပေါက်သူ-ဦးဝေဖြိုးအောင် ကိုယ်တိုင်က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ-ဒေါ်ရင်ကြည်(၁၂/ဥကတ (နိုင်)၀၁၉၀၂၆)က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ(၆)လမ်းဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၄၃)၊ ဦးမြဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ အကျယ်အဝန်း (၂၀x၆၀)ပေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (မြေကွက်ကိုမျက်နှာမူပါက- ဘယ်)၊ အကျယ်အဝန်း (၁၃ x ၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဒေါ်သန်းသန်းဌေး [၁၂/သကတ(နိုင်) ၀၄၅၆၆၅]မှ အရပ်ကတိအဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်ဖြိုး [၁၂/သကတ(နိုင်)၂၉၅၁၄၄]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မာမာသိန်း (LL.B)** **ဒေါ်နှင်းဝေလွင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂) အထက်တန်းရှေ့နေ(စဉ်-၅၄၃၀၅)**
**အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၆၃၈/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၆၃၈/ခ)၊ မြရည်နန္ဒာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံတောင်၊ ဒေါ်အေးဟန် (K/RGN- ၀၃၇၃၀၆) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်အေးဟန် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်- ၁၁၅၃၈/၂၀၂၃ ဖြင့် ပိုင်ဆိုင်သူ ဦးဖြိုးမောင်မောင်ကျော် [၁၂/မဂတ(နိုင်) ၁၀၄၄၄၇]မှ နှစ်(၆၀) ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်းမှာ သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးခဲ့သည်မှာ မှန်ကန်ပါကြောင်း အဆိုပါဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ အမှတ်- ၁၀၁၀/၂၀၂၄ (၈-၁-၂၀၂၄)၊ ကိုယ်တိုင်ဝန်ခံချက်၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးထားရှိ၍ ဦးဖြိုးမောင်မောင်ကျော်မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ဂရန်မိတ္တူလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ဥတုရာသီ**
**တောကို မှီ၏**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ် (၁၂၂)၊ မြေညီထပ်(ဘီ)၊ (တိုက်ကိုမျက်နှာမူလျှင်- ဘယ်ဘက်)၊ အကျယ်အဝန်း (၁၅ပေx ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကျော်ရဲနိုင် [၁၂/ပဘတ(နိုင်) ၀၃၅၉၂၇]၊ ဒေါ်ယဉ်ပြုံး [၁၂/သဃက(နိုင်) ၁၂၄၄၁၉] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(သကတ-၁)၊မြေကွက်အမှတ် ၄၂၂(က)၊ဧရိယာ(၀.၀၂၇၅)ဧက၊မြေကွက်တည်နေရာအမှတ်-၄၂၂(က)၊ အောင်မေတ္တာလမ်း၊(၇)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဒေါ်တင်စိန်(CD-၀၂၄၁၃၃)အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်-ဒေါ်တင်စိန်(CD-၀၂၄၁၃၃)ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူဦးထွန်းထွန်းစိုး(၁၁/ပတန(နိုင်)၀၆၇၁၀၂)မှအရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်တို့တင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲပါမစ်မစုံဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄-A၊မြေကွက်အမှတ်-၉၅၊ ဧရိယာ(၀.၀၅၅)ဧက၊မြေကွက်တည်နေရာအမှတ်-၉၅၊အင်းဝ(၂)လမ်း၊(၆) ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဒေါ်ညွန့်ယဉ်ဝင်း(၁၂/ရကန(နိုင်)၀၀၉၇၄၆) အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်-ဒေါ်ညွန့်ယဉ်ဝင်း(၁၂/ရကန(နိုင်) ၀၀၉၇၄၆)ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်အိစာဖြိုး(၁၂/ဗဟန(နိုင်)၀၇၇၇၉၄)မှအရောင်းအဝယ်စာချုပ်၊နိုင်ငံသား စိစစ်ရေးကတ်၊ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊မြေပုံတို့တင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းတို့တင်ပြနိုင်ခြင်းမရှိဘဲပါမစ်မစုံဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁.D)၊ မြေကွက်အမှတ်( V.၆၅)၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၆)၊ ၁၁၄လမ်း၊ မင်္ဂလာတောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁။ ဦးဘူတာ (ခ) ဦးတင်ငွေ [၁၂/မဂတ(နိုင်)၀၃၅၂၅၃]၊ ၂။ ဒေါ်ခင်ကြည်[၁၂/မဂတ(နိုင်)၀၃၄၈၆၃] အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်(သက်ကုန်)မြေအား အမည်ပေါက် ဦးဘူတာ (ခ) ဦးတင်ငွေ (ဖခင်)ကွယ်လွန်၊ ဒေါ်ခင်ကြည်(မိခင်) ကွယ်လွန်သဖြင့်သားအရင်းများဖြစ်ကြသည့် ဦးမြင့်ထွန်း၊ ဦးမြင့်အေး၊ ဦးကြည်မင်းတို့ (၃)ဦးအနက် ဦးကြည်မင်းသည် (လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ကျန်သားအရင်းများဖြစ်သည့် ၁။ ဦးမြင့်ထွန်း [၁၂/မဂတ(နိုင်) ၀၄၁၃၁၃] ၂။ ဦးမြင့်အေး[၁၂/မဂတ(နိုင်)၀၄၁၃၁၂] တို့မှ ကွယ်လွန်သူမိဘများတွင် သားအရင်းများဖြစ်ကြသည့် မိမိတို့(၂)ဦးနှင့် ညီဖြစ်သူ ဦးကြည်မင်း အပါအဝင် စုစုပေါင်း ညီအစ်ကို (၃)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ညီအရင်းဖြစ်သူ ဦးကြည်မင်းသည်လည်း အိမ်ထောင်မရှိလူပျိုကြီး ဘဝဖြင့်ပင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါကြောင်း၊ ဖခင်ဖြစ်သူ ဦးဘူတာ (ခ) ဦးတင်ငွေ သည် ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီက အမွေစားအမွေခံ ကိတ္တိမသားသမီး တစ်ဦးတစ်ယောက်မျှ မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိခင်ဖြစ်သူ ဒေါ်ခင်ကြည်နှင့် ညီဖြစ်သူ ဦးကြည်မင်းတို့သည် အစ္စလာမ်ဘာသာ ကိုးကွယ်သူများဖြစ်ကြသော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာ တစ်စုံတစ်ရာကိုမျှ ရေးသားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ မိဘများနှင့် ညီဖြစ်သူ တို့ ကွယ်လွန်ပြီးနောက် ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူသားအရင်းများ၊ မွေးချင်းအစ်ကိုအရင်းများ ဖြစ်ကြသော မိမိတို့ညီအစ်ကို (၂)ဦးတည်းကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှင့် ကတိသစ္စာပြုလွှာ၊ ဦးဘူတာ(ခ) ဦးတင်ငွေ (ဖခင်)နှင့် ဒေါ်ခင်ကြည်(မိခင်)တို့ သေဆုံးမှုလက်မှတ်၊ ဦးကြည်မင်း သေဆုံးမှုလက်မှတ်မိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်တို့အားတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❂ MNL ယူ-၂၀ မှ

ရန်ကုန်ယူနိုက်တက် အသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ဂိုးများပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်းမှ ရှိုင်းကိုကိုဇော်က ရရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၆၂၆)၊ ရတနာလမ်း၏ကျောကပ်လမ်း၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ် (၆၀)၊ မြေကွက်အမှတ် (၁၆၂၆)၊ ဧရိယာ (၄၀' x ၆၀') အကျယ်အဝန်းရှိ ပါမစ်မြေကွက်သည် ဦးအောင်ဝင်း(ခ)ရာပြည့် [၁၂/သဃက(နိုင်)၀၉၂၁၄၇] အမည်ပေါက်ဖြစ်ပြီး မြေအမည်ပေါက်ထံမှ ယခုရောင်းချသူ ဒေါ်နန်းငွေကြူ [၉/မရမ(နိုင်)၀၃၈၄၂၄] က အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလှဝေ (စဉ်–၇၁၂၄) ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်–၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

**အမှားပြင်ဆင်ချက်**

၁၈–၉–၂၀၂၄ စာမျက်နှာ ၃၁–ပါ ကြေးမုံသတင်းစာတွင် ကန့်ကွက်နိုင်ကြောင်းကြော်ငြာမှ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆ သမိုင်း၊ မြေကွက်အမှတ်–၂၃/ခ–၂ မှ ဒေါ်တင်ညိုအစား ဒေါ်ညိုတင်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၊ မြေကွက်အမှတ်–၈၀၇/က၊ မြေကွက်တည်နေရာအမှတ် (၈၀၇/က)၊ ရာဇဓိရာဇ်(၂၁)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်တင်တင်အေး (K/RGN–009273)၊ ဦးခင်မောင်တင့် [၁၂/ဥကတ(နိုင်) ၁၂၇၀၃၈] အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်အမည်ပေါက် ဒေါ်တင်တင်အေး၊ ဦးခင်မောင်တင့် မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးခင်မောင်တင့် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဦးခင်မောင်တင့် ပိုင်ဆိုင်ခွင့်အစုဖြစ်သော(ခေါင်းရင်းခြမ်း) အကျယ်အဝန်း (၁၀ ပေ x ၆၀ ပေ)ကို တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ကြည် [၁၂/ဥကတ(နိုင်)၁၂၇၀၃၉] မှ တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ–၆၃၇/၂၀၂၄(၂–၈–၂၀၂၄)၊ သား/သမီးများဖြစ်ကြသော ဒေါ်သီဝကဦး၊ ဦးအောင်ထွန်း၊ ဦးစိုးအောင်၊ ဒေါ်သန္တာထွေးတို့မှ မိခင် ဒေါ်ခင်ကြည်မှ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိ သဘောတူကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ အိမ်ထောင်စုစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်း ကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်ပျောက်ဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ကိုယ်စား)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ(၁၃) လမ်း၊ အမှတ်(၉၉/D) ဟုခေါ်တွင်သော (၁)ခန်းတည်း (၆)ထပ်တိုက်၏ (၁၈ x ၅၄) ပေအကျယ်အဝန်းရှိသည့် ဒုတိယထပ်(၃–လွှာ)တိုက်ခန်းကို မြေပိုင်ရှင် ဦးအောင်ထွန်း [၁၂/ဗတထ(နိုင်)၀၀၇၈၉၀] ထံမှ ကြိုပွဲခွင့်စနစ်ဖြင့်ဝယ်ယူထားသော ယခုရောင်းချသူ ဒေါ်ကြည်ကြည်နွယ် [၁၂/သကတ(နိုင်)၁၇၇၄၄၁] မှ တရားဝင် ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ယုယုထွေး[၁၀/ဘလန(နိုင်)၀၉၅၄၄၆] မှ ဝယ်ယူရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုယုထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၄၃၁)**
**အမှတ်–၆၆၉၊ ဇောတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၀၁၇၂၉၀**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ဦးစိုးဝင်း [၁၂/သကတ(နိုင်) ၀၇၁၂၈၂]နှင့် ဒေါ်အေးစန်း [၁၂/သကတ(နိုင်) ၀၇၂၀၀၈]တို့၏ သားဖြစ်သူ မောင်အောင်မင်းစန်း [၁၂/သကတ(နိုင်) ၁၇၀၇၂၈]သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံလိုက်နာခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေသော အပြုအမူများပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မိဘများမှ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးဝင်း [၁၂/သကတ(နိုင်)၀၇၁၂၈၂]**
**ဒေါ်အေးစန်း [၁၂/သကတ(နိုင်)၀၇၂၀၀၈]**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ (၁၆)လမ်း၊ အမှတ်(၆၈၇)၊ မြေညီထပ်ကို တရားဝင်ပိုင်ဆိုင်ထားသူ ဦးဝင်းပြည့်[၁၂/သကတ(နိုင်)၀၃၂၇၁၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန်ကြေညာအပ်သည်မှာ–

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၁၆)လမ်း၊ အမှတ်(၆၈၇/ခ)၊ မြေကွက်အမှတ်(၆၈၇/ခ)၊ (အလျား x အနံ) (၂၀ ပေ x ၆၀ ပေ) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် လှေကားချင်း(၆)ထပ်တိုက် အဆောက်အဦမှ (အလျား x အနံ) (၁၈ ပေ x ၅၄ ပေ) အကျယ်အဝန်းရှိသည့် မြေညီတိုက်ခန်း (၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်ဖြစ်သူ Richard(ခ) ရစ်ချက်မှ ရောင်းချထားသည့် စာချုပ်မူရင်းဖြင့် ဝယ်ယူထားသူ ဒေါ်လီဖန်းယွမ် [၁၃/ခရဟ(နိုင်)၀၀၀၂၇၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းပြည့် [၁၂/သကတ (နိုင်)၀၃၂၇၁၆] သည် (၂၈–၉–၂၀၂၄)ရက်နေ့တွင် တိုက်ခန်းအပြီးအပိုင် အရောင်း အဝယ် သဘောတူကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ၎င်းစာချုပ်ပေါ်တွင် မြေပိုင်ရှင်များ ကိုယ်တိုင်လက်မှတ်ရေးထိုး လက်ဗွေနှိပ်၍ အသိအမှတ်ပြုပြီးနောက် ဥပဒေနှင့် အညီ တိုက်ခန်းကို လက်ရောက်လက်ခံ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေညီတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းပြည့်၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းနှင့် အခြားသောကိစ္စရပ်တို့အား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဝင်းပြည့်မှ သိရှိခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်ကျော်လှိုင်**
**[LL.B, D.B.L, W.I.P.O (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း–၀၉–၄၂၀၁၆၂၄၈၁၊ ၀၉–၇၅၈၇၆၆၃၆၃**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၂၅၇)၊ အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ) ရှိ ဦးအောင်ကျော်ထွန်း [၁၂/ဥကတ(နိုင်)၁၅၇၈၁၅] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်နှင့် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား အကျိုးခံစားလျက်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသူ အမည်ပေါက် ဦးအောင်ကျော်ထွန်း [၁၂/ဥကတ(နိုင်)၁၅၇၈၁၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရတနာအေးကျော် [၁၂/ဗဟန(နိုင်)၀၈၆၃၂၂] က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား မူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက ဖော်ပြပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရတနာအေးကျော် [၁၂/ဗဟန(နိုင်)၀၈၆၃၂၂] ၏ လွှဲအပ်ချက်အရ–**
**ဒေါ်ခင်လှဲ့ဝေ (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၉၁)**
**အမှတ်(၁၃)၊ ဆေးရိုးတန်းလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၇၄၇၅၆၅၀၆**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**အလုံခရိုင်တရားရုံးတော်၌**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၉၈**

၁။ ဦးအေးသန့် နှင့် ဦးဝင်းစိန်
၂။ ဒေါ်နီနီထွန်း
( တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း/မြောက်ရပ်ကွက်၊ ရတနာသိင်္ခလမ်း၊ အမှတ်(၃၄)နေ တရားပြိုင် ဦးဝင်းစိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက **"မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်နေ့) မွန်းမတည့်မီ နံနက် (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ – ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းလင်းထိုက်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**အလုံခရိုင်တရားရုံး**

## “အများသိစေရန် အသိပေးကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သန္တာလမ်း၊ မာဃသာသနာပြုဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဘဒ္ဒန္တကုသလ (အဂ္ဂမဟာပဏ္ဍိတ) [၁၄/မမန(သ) ၀၀၀၂၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဆရာတော် ဘဒ္ဒန္တကုသလမှ **ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အောင်စန္ဒာလမ်းရှိ “ရတနပါလ ဝါးခယ်မကျောင်း”** ဟုခေါ်သော အကျယ်အဝန်း (၃၀၀' x ၃၁၀')ရှိ ဘုန်းကြီးကျောင်းအား အမည်ပေါက်ပိုင်ဆိုင်သူ ဘဒ္ဒန္တပဏ္ဍာဝံသ (အဂ္ဂမဟာပဏ္ဍိတ) [၁၄/ဂခမ(သ) ၀၀၀၁၄၁]၏ လွှဲအပ်ညွှန်ကြားကြောင်း ဝန်ခံကတိပြုစာချုပ်အရ ပိုင်ဆိုင်မှုဂရန်မူရင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေပုံမူရင်းများ လက်ဝယ်ရှိပြီး ကျောင်းအား ထိန်းသိမ်းစောင့်ရှောက်ခွင့်ရှိသူဖြစ်ကြောင်းနှင့် ယင်း **“ရတနပါလ ဝါးခယ်မကျောင်း”** နှင့်ပတ်သက်၍ ဝင်ရောက်ကျူးကျော် နှောင့်ယှက်သူများအား ဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဘဒ္ဒန္တကုသလ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**[၁၄/မမန(သ)၀၀၀၂၉၂]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သော်သော်မင်းသူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၁၄၅)**
**အမှတ်–၆၂၊ ရွှေလှိုင်လမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**Ph– ၀၉–၂၂၀၁၆၉၃**

## လူပျောက်ကြော်ငြာ

ကျွန်တော်၏ ဇနီးဖြစ်သူ မမြတ်မြတ်ထွေး အသက်(၃၀)နှစ် မှတ်ပုံတင်[၁၂/အစန(နိုင်) ၂၅၉၅၄၉] (ဘ) ဦးရဲထွဋ်၏ သမီးသည် (၂၉–၈–၂၀၂၄)ရက်နေ့တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက (Ph–09450041574)သို့ ဆက်သွယ်ပေးသူအား ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရ ထိရောက်စွာ အရေးယူပါမည်။

**ခင်ပွန်း – အေးအောင်သူထွန်း**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကပျဉ်ရိုးလမ်း(ခ) ဂျပန်လမ်းမပေါ်တွင်တည်ရှိသော ကျေးရွာအမည်– သာယာကုန်း၊ ကွင်းအမည်– ၉၈၈(က)၊ ဦးပိုင်အမှတ် (၈၃/ဈ)၊ ဧရိယာ အလျား(၂၆၀)ပေx အနံ(၂၃၀)ပေရှိ ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ခြံမြေအမည်ပေါက် ဦးကျော်ဇော်လင်းထံမှ ဆက်စပ်စာချုပ်များဖြင့် လက်ရှိ/လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးသိန်းတန် [၁၂/လကန(နိုင်) ၁၀၅၇၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟလင်း [၁၂/မရက(နိုင်) ၀၁၉၈၄၇]က ၎င်းခြံမြေကွက်အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ကို ပေးထားပြီးဖြစ်ပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ပ.လ.ရ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း– ၀၉–၄၅၁၁၂၈၇၇၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၁ နှင့် ၅)
## ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၃၀

မြန်မာ့ရှေ့ဆောင်ဘဏ် နှင့် ဒေါ်ဆွေဆွေစံ
လီမိတက်(သိမ်ဖြူဘဏ်ခွဲ)
(၎င်း၏ကိုယ်စား ဦးစန်းအောင်–
Assistant Vice President)
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၂၃၂)နေ တရားပြိုင် ဒေါ်ဆွေဆွေစံ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“အကြွေးဝယ်ကတ် (MAB Credit Card)ဖြင့် သုံးစွဲခဲ့သည့်ချေးငွေများရလိုမှု”** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၄)ရက်။ (၁၃၈၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာကို တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလူကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၄–၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ဗဟိုအဆင့် ပြည်သူ့ဆေးရုံကြီးများအတွက် လိုအပ်သောဆေးပစ္စည်း (Speciality Consumables)များအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်–16DMS(2024–2025) (L)အား ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | – (၄–၁၀–၂၀၂၄)ရက် (သောကြာနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | – (၂၁–၁၀–၂၀၂၄)ရက်၊ မွန်းတည့် (၁၂:၀၀)နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | – ၀၆၇–၃၄၁၁၁၅၄၄၊ ၀၆၇–၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အမည်ပြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ၂၆လမ်းနေ ဦးသိန်းငွေအောင် [၁၂/သလန(နိုင်) ၀၈၀၈၆၉]၏ သမီး အ.မ.က(၈) သာကေတမူလတန်းကျောင်း (Grade–4)တွင် ပညာသင်ကြားနေသော မကြယ်စင်စိန်အား မကြယ်စင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မကြယ်စင်လင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၂၂၁/က)၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၂၂၁/က)၊ ယုဇန(၂)လမ်း၊ (၂)ရပ်ကွက် ဒေါ်သောင်းစိန် (AA–၀၁၇၆၀၇) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား မြေအမည်ပေါက် ဒေါ်သောင်းစိန်(မိခင်)သည် (၂၁–၅–၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ ဦးသောင်းလှ(ဖခင်)သည် (၄–၂–၂၀၀၀)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် ဒေါ်စမ်းစမ်းဝင်း [၁၂/ဥကမ(နိုင်) ၁၆၃၉၅၆]၊ ဒေါ်တင်တင်ဝင်း [၁၂/ဒဂမ(နိုင်) ၀၁၄၀၅၁]၊ ဦးခင်စိုး [၁၂/စခန(နိုင်) ၀၄၁၉၆၃]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီး (၃)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာမှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်– ၁၂၁၄/၂၄/၃၀–၇–၂၀၂၄၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ၁၂–၆–၂၀၂၄ ရက်စွဲဖြင့် ဦးသောင်းလှ(ဖခင်)၏ သေစာရင်းမှာ ယင်းရုံးရှိစာရင်းဌာနတွင် ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်း မပြုနိုင်ကြောင်း အကြောင်းပြန်ကြားစာ၊ (၇–၈–၂၀၂၄)ရက်စွဲဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ဦးသောင်းလှသည် (၄–၂–၂၀၀၀)ရက်နေ့တွင် သေဆုံးကြောင်း ထောက်ခံစာ၊ (၈–၈–၂၀၂၄)ရက်စွဲဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးသောင်းလှသည် (၄–၂–၂၀၀၀)ရက်နေ့တွင် သေဆုံးကြောင်း ထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်မီမီစံလင်းနှင့် အများသိစေရန် တားမြစ်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းလင်းနိုင် [၁၂/လမတ(နိုင်) ၀၃၁၁၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်မီမီစံလင်းနှင့် အများသိစေရန် တားမြစ်ကြေညာအပ်ပါသည်–

ဦးထွန်းလင်းနိုင်နှင့် ဒေါ်မီမီစံလင်း [၁၂/ဗတထ(နိုင်) ၀၃၉၈၆၄] တို့သည် တရားဝင်အကြင်လင်မယားဖြစ်ကြပြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်– ၁၇၀–၁၇၆၊ အမ်ဂျီ ဒဗလျူစင်တာ ဒုတိယထပ်၊ အခန်းအမှတ်(၂၁၁)တွင် အတူပေါင်းသင်း နေထိုင်လျက်ရှိရာမှ ၂၆–၁၂–၂၀၂၃ ရက်နေ့တွင် လင်မယားစကားများကြပြီး ဒေါ်မီမီစံလင်းက ဦးထွန်းလင်းနိုင်အား နေအိမ်တိုက်ခန်းမှ ဆင်းခိုင်းခဲ့ပြီး ပြန်လည်တက်ရောက်နေထိုင်ခွင့် မပြုသဖြင့် ဦးထွန်းလင်းနိုင်ပိုင် ပစ္စည်းများနှင့်တကွ ၎င်း၏အဒေါ် ဒေါ်ဖြူ အပ်နှံထားသော ရွှေလက်ကောက် (၅)ကျပ်သား (၁)ကွင်း၊ ပုလဲရွှေဆွဲကြိုး (၁)ကုံး၊ ရွှေလက်ကောက် (၃)ကျပ်သား(၁)ကွင်း၊ တိုယိုတာမတ်တူး အဖြူရောင် (၂အမ်/၉၅၈၇)ကား၏ အုံနာဘုတ် နှင့် ဗီးတက်၊ တိုယိုတာဝှရှ်အဖြူရောင် (၆ဂျေ/ ၃၉၆၉)၏ အုံနာဘုတ်နှင့် ဗီးတက်၊ တိုယိုတာဆပ်ဆိခဲရောင် (၇အီး/ ၆၄၇၄)၏ အုံနာဘုတ်၊ ဟာလေ–ဒေဗစ်ဆင်မော်တော်ဆိုင်ကယ်(အေဝိုင်ဝိုင်/ ၁၇၂)၏ အုံနာဘုတ်နှင့် ငွေကျပ်သိန်း(၆၀၀)တို့မှာ ဒေါ်မီမီစံလင်း လက်ရှိထားနေထိုင်သည့် တိုက်ခန်းအတွင်း ကျန်ရစ်လျက်ရှိကြောင်း၊ ထိုပစ္စည်းများကို ဦးထွန်းလင်းနိုင်အား ပြန်လည်ပေးအပ်ရန် ၎င်း၏ရှေ့နေမှတစ်ဆင့် ဒေါ်မီမီစံလင်းထံ အကြောင်းကြားစာပေးပို့တောင်းခံခဲ့သော်လည်း ယနေ့တိုင် ပြန်လည်ပေးအပ်ခြင်း မရှိသေးကြောင်း သိရှိရပါသည်။

တစ်ဖက်တွင်လည်း အဒေါ်ဖြစ်သူ ဒေါ်ဖြူက ၎င်းအပ်နှံထားသော အထက်ဖော်ပြပါ ရွှေထည်ပစ္စည်း(၃)မျိုး၊ ကား(၃)စီး၊ ဆိုင်ကယ်(၁)စီးနှင့်တကွ အုံနာဘုတ်၊ ဗီးတက်တို့ကို ပြန်လည်ပေးအပ်ရန် တောင်းခံလျက်ရှိရာ ဦးထွန်းလင်းနိုင်က နေအိမ်တိုက်ခန်းအတွင်း ဝင်မရသဖြင့် လောလောဆယ် ပေးအပ်နိုင်ခြင်းမရှိသေးကြောင်း ပြန်ကြားထားရသည်ဟု သိရှိရပါသည်။

သို့ပါ၍ ဒေါ်မီမီစံလင်း လက်ရှိထားနေထိုင်သည့် တိုက်ခန်းအတွင်းရှိ အထက်ဖော်ပြပါ ဦးထွန်းလင်းနိုင် ပိုင်ပစ္စည်းများနှင့်တကွ အဒေါ်–ဒေါ်ဖြူ အပ်နှံထားသောပစ္စည်းများကို ဦးထွန်းလင်းနိုင်၏ ခွင့်ပြုချက်မရရှိဘဲ ဒေါ်မီမီစံလင်း အပါအဝင် မည်သူမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ယင်းသို့ လွှဲပြောင်းပေးမှုကို လက်ခံခဲ့ပါက ဖြစ်ပေါ်လာမည့် ပြဿနာအရပ်ရပ်သည် လွှဲပြောင်းသူ၊ လက်ခံသူတို့၏တာဝန်သာဖြစ်ပါကြောင်း အသိပေးတားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးထွန်းလင်းနိုင်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးအောင်**
**တရားလွှတ်တော်ရှေ့နေ(B.A,R.L)**
**စဉ်– ၅၂၆၃၊ ၂၉–၃–၁၉၉၀**
**၁၃၄/အေ၊ ထီးတန်းလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်**
**ဖုန်း– ၀၁–၂၃၁၇၃၈၉၊ ၀၉–၅၀၀၉၃၅၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမင်းဇော်၏ သား မောင်ဇော်ဦးထက် [၁၂/ဒဂန(နိုင်) ၀၀၁၂၇၂]၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–09–777375636**

## ဖခင်အမည်မှန်

ဘားအံမြို့၊ အ.ထ.က (စက်ရုံ) Grade – 10 မှ မောင်ချမ်းငြိမ်းကျို၏ ဖခင်အမည်မှန်မှာ ဦးစောအောင်မြင့်ကြူ [၃/ဘအန (နိုင်) ၀၀၅၇၃၃] ဖြစ်ပါကြောင်း။

## ဒေါ်ဝင်ဒီစိန်မင်း (ခ) ဝင်ဒီခင် [၁၂/ရကန(နိုင်)၀၇၀၅၃၉] ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုးသူမြင့် [၁၂/ကမရ(နိုင်)၀၂၅၀၆၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၉၂၁)၊ အကျယ်အဝန်း (၆၀ပေx ၄၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မြေအမည်ပေါက်ဖြစ်သူ လူကြီးမင်း ဒေါ်ဝင်ဒီစိန်မင်း(ခ)ဝင်ဒီခင် [၁၂/ရကန(နိုင်)၀၇၀၅၃၉]မှ ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်ရောင်းချခဲ့ရာ စာချုပ်စာတမ်းမူရင်းများနှင့် တကွ မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေက လူကြီးမင်း ရောင်းချ ကတိကဝတ်ပြုခဲ့သော အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား တရားဝင်ပိုင်ဆိုင်နိုင်ရေးအတွက် လူကြီးမင်းမှ ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိရာ ယနေ့မှစ၍ (၇)ရက်အတွင်း ဆောင်ရွက်ပေးရန် တောင်းဆိုလိုက်ပါသည်။ လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာဆွေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၇၈၉၈)**
**အမှတ်– ၉/၁၁၊ ပထမထပ်၊ အခန်းအမှတ် (၁၀၃ A+B )၊ ၃၆–လမ်း၊**
**ကျောက်တံတားမြို့နယ်။ ဖုန်း– ၀၉–၅၀၃၈၉၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ လင်းပင်လမ်း၊ မြေကွက်အမှတ် (၁၃၃)၊ အကျယ်အဝန်း (၄၀'x၆၀')ရှိ ဒေါ်ခင်စီ (TGO– ၁၀၃၀၆၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အား မျက်နှာမူလျှင် (ဝဲဘက်) အကျယ်အဝန်း (၂၀'x၆၀')ရှိ မြေကွက်**နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဒေါ်နော်ဖလော်ရင့်(စ်) [၇/တငန(နိုင်) ၁၃၁၉၁၃]**မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၁၄)ရက်**အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာနီစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၈၁)**
**တိုက်(A–2)၊ အခန်း (၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈ U 10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ နဝရတ်လမ်းသွယ်၊ ဧရိယာ (၁၇ပေx ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ BN (၁)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူလက်ဝယ်ထားရှိပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းငွေ [၁၂/သဃက(နိုင်) ၁၂၀၀၈၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိမ့်ဇာဖြူနွေး [၁၂/သလန(နိုင်) ၀၉၂၇၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲကျော်သူ ( LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၃၁၂၂၅) (၂၈–၉–၂၀၁၅)**
**တိုက်(၆)၊ အခန်း(၂၂)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း – ၀၉–၇၇၇၂၁၉၀၆၅ ၊ ၀၉–၆၉၄၄၃၅၇၃၇**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၁၉၆) ဟုခေါ်တွင်သော အဆောက်အဦ၏ (၁၉ ပေx ၅၄ပေ)ရှိ ပဉ္စမထပ် (၆)လွှာ၊ တိုက်ခန်းအမှတ် (A–၆)ကို အရောင်းအဝယ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ကြပြီးနောက် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်ဝင်း [၁/မကတ(နိုင်) ၀၇၄၆၃၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်တားမြစ်လိုပါက ယနေ့မှစ၍ (၅)ရက်အတွင်း ခိုင်မာလုံလောက်သော စာချုပ်စာတမ်း(မူရင်း)အထောက်အထားဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ငြိမ်းငွေ B.A (Law) LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၇၁)**
**အမှတ် (၆၁/၆၃)၊ ၅/ဘီ၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၁၆၈၈၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တာကြီးရပ်ကွက်၊ ကမ်းနားပိုင်းလမ်းတွင် တည်ရှိသော အလျား ၁၈ ပေx အနံ ၅၀ ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ မလိခလမ်း၊ အမှတ် (၂၈၄)နေ ဦးညာဏ်မြင့် [၁၂/ဒလန(နိုင်) ၀၃၄၁၀၇]မှ ၎င်းဝယ်ယူပိုင်ဆိုင်ထားကြောင်း ယင်းမြေကွက်နှင့်စပ်လျဉ်း၍ အဆင့်ဆင့် အရောင်းအဝယ်ပြုလုပ်ခဲ့သည့် စာချုပ်စာတမ်းများအား ပြသပြီး ရောင်းချသဖြင့် ဦးမျိုးနိုင် [၁၂/ဒလန(နိုင်) ၀၆၀၂၅၇]နှင့် ဦးသန်းဇော်ထွေး [၉/ငဇန(နိုင်) ၁၃၀၀၉၅]တို့မှ ကာလတန်ဖိုးငွေပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်မြင့် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၁၇၂၃)**
**အမှတ်–၆/၁၀၆၂၊ မေခ (၁) လမ်း၊ ညောင်ကုန်းရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၂၁၀၀၀၃၁၆၊ ၀၉–၉၇၈၄၃၄၆၅၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ် (၆၃) ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈ ဒီ)တိုက်၏ တတိယထပ်၊ ၄–လွှာ(ခြေရင်းခန်း)၊ ဧရိယာ (၂၅x၇၅)ပေကျယ်ဝန်းသော တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင် (ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဦးနေလင်းထွန်း [၇/ပမန(နိုင်) ၁၀၇၄၇၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်သူဇာအောင် [၇/ဒဥန(နိုင်) ၀၂၄၁၄၆] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ တိုက်ခန်းပိုင်ဆိုင်မှုကို မည်သူမဆို အဆိုပါပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အနှောင့်အယှက်ဖြစ်စေမည့် မည်သည့်ကိစ္စမဆို ဆောင်ရွက်လာပါက တရားဥပဒေနည်းလမ်းရှိသမျှ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဒေါ်အေးမြင့်ရီ**
**BSc,DA, HGP, R.L, DBL, DML, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃)**
**ဖုန်း– ၀၉–၄၂၈၇၇၀၈၂၀**

**ဦးသိန်းညွန့်**
**BA, HGP, R.L, DBL, DML, DIL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၃၅၆၁)**
**ဖုန်း– ၀၉–၅၀၅၃၁၀၇**

**အမှတ်– ၁၄၂၊ ပထမထပ်၊ ၃၉–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဆွေဝင်း (ခ) ဦးမောင်မောင်**
**ပြည်ခိုင်ဖြိုးပါတီအကြံပေး**
**အသက်(၈၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အမှတ် (၄၇)နေ ဒေါ်ခင်မြင့်မော်၏ ခင်ပွန်း၊ ဦးငွေမောင်း-ဒေါ်စန္ဒာအေးဝင်း၊ ဦးသက်ကိုကိုဝင်း၊ ဦးဇော်မင်း-ဒေါ်ပပဝင်း၊ ဦးမောင်မောင်လွင်- ဒေါ်သူဇာဝင်း၊ ဦးအောင်ကိုကိုဝင်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး မဖူးပွင့်ပြည့်စုံ၏ အဘိုး ဦးဆွေဝင်း(ခ)ဦးမောင်မောင် အသက်(၈၈)နှစ်သည် ၃-၁၀-၂၀၂၄ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## မောင်ကောင်းပြည့်စုံ

**အသက်(၂၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁၀) ရပ်ကွက်၊ ဧကရာဇ်လမ်း၊ တက္ကသိုလ်ရိပ်မွန်၊ အမှတ်(၄)နေ ဦးလေးနိုင် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ က-ည-န]-ဒေါ်သီဂီထွဋ်(ခရိုင်ဦးစီးမှူး၊ ခရိုင်ရုံး၊ ရန်ကုန်တောင်ပိုင်း၊ က-ည-န)တို့၏ ချစ်လှစွာသောသားသည် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) ၃-၁၀-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၉:၁၈ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၅-၁၀-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှအတန်းပေးဝေလိုပါသောကြောင့် ၉-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၃-ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် (၁၂၀)၊ ၂-ခန်းတွဲ ၆-ထပ်တိုက်မှ အကျယ်အဝန်း (၁၂½ x ၅၀)ပေရှိ ဒုတိယထပ် (၃-လွှာ)(A)၊ တိုက်မျက်နှာမူလျှင် (ယာ)ဟုခေါ်တွင်သည့် တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာမာစိုး [၆/သရခ(နိုင်) ဝ၉၉၃၉၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B)(စဉ်- ၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**Tel: 294766 HP: 09-5017044**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၃၂/B၊ မြေကွက်အမှတ်- ၃၀၄၊ ဧရိယာ (၀.၁၆)ဧက၊ မြေကွက်တည်နေရာအမှတ်- ၃၀၄၊ နှင်းဆီလမ်း၊ ပုလဲ(၂)ရပ်ကွက်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ဦးဇော်ဝင်း [၁၂/သလန(နိုင်) ၁၀၄၆၀၈] အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဇော်ဝင်းအား ထုတ်ပေးထားခဲ့သော မြေငှားစာချုပ်မူရင်းသည် ရုံးခန်းပြောင်းရွှေ့မှုပြုလုပ်စဉ် အမှန်တကယ်ပျောက်ဆုံးသွားကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၏ (၂၈-၆-၂၀၂၄)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်- ၁၅၈၃/၂၄၊ မြေငှားစာချုပ်ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရွှေနံ့သာကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ (၁၇-၈-၂၀၁၅)ရက်နေ့တွင် လျှောက်ထားထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံကူးအား ဘဏ်၌ချေးငွေထုတ်ယူပြီးနောက် ဘဏ်ချေးငွေအပြေအကျေပေးဆပ်ပြီးဖြစ်၍ ယခုအခါ ချေးငွေအားလုံး ကျေလည်သွားသည်မှာ မှန်ကန်ပါကြောင်းနှင့် ဘဏ်မှ ဂရန်မူရင်း၊ ဘဏ်ချေးမြေပုံမူရင်းနှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား မိမိလက်ဝယ်သို့ ပြန်လည်ရရှိပြီးချိန်တွင် မိမိမှ သိမ်းဆည်းထားစဉ် ဂရန်မူရင်းနှင့်တကွ ဘဏ်ချေးမြေပုံမူရင်းမှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါမြေကွက်အား မိမိတစ်ဦးတည်းမှ အမှန်တကယ်ပိုင်ဆိုင်ပါကြောင်း၊ အဆိုပါဘဏ်ချေးမြေပုံကူးပျောက်ဆုံးမှုနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အဆိုပါမြေကွက်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝ မရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက မိမိကသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း အလုံခရိုင်တရားရုံး၏ (၂၆-၉-၂၄)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်- ၄၁၀/၂၀၂၄ တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ခင်ရီ (ခ) အရီလေး (ပန်းတနော်)**
**အသက်(၉၆)နှစ်**

တေဇ (၉)မှ ဒုဗိုလ်မှူးကြီး မျိုးအောင်(ငြိမ်း)၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ရီ(ခ)အရီလေး အသက် (၉၆)နှစ်သည် ၄-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူ သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၉) သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူး တင်အောင်(ငြိမ်း)**
**OTS-31**
**အသက်(၈၇)နှစ်**

တေဇ(၂၃)မှ သူငယ်ချင်း ဦးအောင်စိုးမိုး၏ ဖခင်ဖြစ်သူ ဗိုလ်မှူးတင်အောင်(ငြိမ်း)သည် ၃-၁၀-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၃)မှ သူငယ်ချင်းများနှင့် မိသားစုများ**

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## ဒေါ်ခင်မြင့်

**(MAGRETTE ROSE MACNAMARA)**
**(မန္တလေး၊ စိန့်မေရီကျောင်းသူဟောင်း)**
**ရွှေဘိုမြို့**
**အသက်(၉၅)နှစ်**

ရွှေဘိုမြို့၊ မြို့ကျစုရပ်နေ [ရဲအရာရှိ MR: ERIC COLLIN MACNAMARA (ခ) ဦးသာထွန်းအောင်-ဒေါ်လေးမူ]တို့၏ သမီးဦး၊ ရွှေဘိုခရိုင်၊ (ကျောက်မြောင်း)မြို့နေ (ဦးနိုင်-ဒေါ်စိုး)တို့၏ သမီးချွေးမ၊ ရွှေဘိုမြို့၊ ဒိုင်အိုကျောင်းဝင်းနေ (ဦးမြအောင်)၏ ဇနီး၊ (ဒေါ်ခင်မြ)၊ (ဦးမောင်မောင်)၊ (ဒေါ်အေးအေး)၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်နေ (ဦးအောင်မြင့်မောင်)-ဒေါ်လှလှ၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးခင်မောင်လွင်-ဒေါ်ကြူကြူသွင်တို့၏ ချစ်လှစွာသောအစ်မကြီး၊ သား/သမီး လေးယောက်တို့၏ မိခင်၊ မြေး ရှစ်ယောက်၊ မြစ် လေးယောက်တို့၏ ဘွားဘွားကြီး၊ တူ/တူမ ခြောက်ယောက်တို့၏ ကြီးတော်ကြီး ဒေါ်ခင်မြင့်(MAGRETTE ROSE MACNAMARA)သည် ရန်ကုန်မြို့တွင် ၁-၁၀-၂၀၂၄ (အင်္ဂါနေ့) နံနက် ၃ နာရီခန့်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၁၀-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီခန့်တွင် ရန်ကုန်မြို့၊ ထိန်ပင်၊ ခရစ်ယာန်၊ ဂိုဏ်းပေါင်းစုံ၊ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ ကွင်းအမှတ်(၄၀၀/ဘီ)၊ ဦးပိုင်အမှတ်-၇၄(ခ)၊ မြေကွက်အမှတ်(၁၂၈-၂၀/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၀.၃၁၀)ဧကရှိ ဦးဘတုပ်အမည်ပေါက် မြေပိုင်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်း (၃၀'-၇" x ၁၂၀') ရှိ မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၇၅၇)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်ရှိ ဒီဇင်ဘာစားသောက်ဆိုင်နှင့် အခြားအဆောက်အဦများအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးကျော်တင့် [၁၂/အစန(နိုင်)၁၂၇၃၃၄]နှင့် ဒေါ်မြလေးနွယ်[၁၂/အစန(နိုင်) ၁၄၈၁၄၆] ကိုင်ဆောင်သူတို့မှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေ ဦးငြိမ်းချမ်းအောင် [၅/မရန(နိုင်) ၀၁၅၁၇၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးငြိမ်းချမ်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၄/ဘီ၊ လူနေရပ်ကွက်အမှတ် (မြရတနာ)၊ သရဖီလမ်း၊ မြေကွက်အမှတ် (၁၃၀၄/ခ) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးတင်ဦး အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၃၀x၅၀)ပေရှိ ပါမစ်မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ပြုံးပြုံးဆင့် [၁၂/ဥကမ(နိုင်)၁၄၉၈၁၂] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏ မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ရီ (ခ) အရီလေး (ပန်းတနော်)

**အသက်(၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် (၄၀)နေ (ဦးမောင်မောင်-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဒေါ်ခင်ဆွေ)၏ ညီမ၊ (ဦးထွန်းလွင်)- ဒေါ်နွဲ့နွဲ့ကြည်တို့၏ အစ်မ၊ [ဦးဝင်းအောင်(မြန်မာ့လေကြောင်း)]- ဒေါ်မြမြဆွေ (အိုးအိမ်ဦးစီးဌာန)၊ (ဦးသန်းအောင်)- ဒေါ်မြသီတာဝင်း၊ ဦးအောင်နိုင်စိုး-ဒေါ်သီတာအောင်၊ ဒုဗိုလ်မှူးကြီး မျိုးအောင်(ငြိမ်း)- ဒေါက်တာစုစုဒွေး (ညွှန်ချုပ်၊ တိုင်းရင်းဆေးပညာဌာန)၊ (ဦးကျော်ကျော်အောင်)၊ (ရဲထွန်းအောင်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ [ဦးအောင်သိန်း (လယ်၊ ကျွန်း၊ ရှင်း-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ မြေး ကိုးယောက်၊ မြစ် ရှစ်ယောက်တို့၏ဘွားဘွား ဒေါ်ခင်ရီ(ခ) အရီလေးသည် ၄-၁၀-၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်မြို့အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၆-၁၀-၂၀၂၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးများနှင့် မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၂၄ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ညွန့်ရီ

**အသက် (၉၃)နှစ်**

[ဦးတင်ညွန့်(ရုပ်ရှင်ဒါရိုက်တာမင်းသားကြီး)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်သန်းနွဲ့၏ ချစ်လှစွာသောအစ်မ၊ (ဦးမျိုးခင်)၊ ဒေါ်လှလှကြည် (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ ရေနံဓာတု)၊ ဒေါက်တာကျော်ငြိမ်း (လ/ထညွှန်မှူး-ငြိမ်း၊ ကျန်းမာရေးဦးစီး)-ဒေါ်အေးသန်းခိုင်၊ (ဒေါ်ထွေးထွေးရီ)၊ ဒေါ်ဌေးဌေးရီ(YCDC-ရာပြတ်ဌာန)၊ ဦးစိုးအောင်(Feel Group)-ဒေါ်ခင်မာရည်၊ ဒေါ်စမ်းစမ်းရီ(Free Lance Teacher)တို့၏ မိခင်၊ မောင်ချမ်းမြေ့အောင် (JSM SHIP MANAGEMENT)-မဝင့်သဥ္ဇာမော်၊ မောင်ဇော်ထွန်းနိုင်(AYA BANK)-ဒေါက်တာစုစုလှိုင်၊ မောင်ဝေယံအောင် (MTM SHIP MANAGEMENT)-မအိအိခင်၊ မောင်ရဲလင်းသက်(MNA)-မယမင်းထွန်းတို့၏ အဘွား၊ စုပြည့်စုံထွန်း၊ ဘုန်းမင်းသက်တို့၏ ဘွားဘွားသည် ၄-၁၀-၂၀၂၄ (သောကြာနေ့) နံနက် ၁၀:၃၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၆-၁၀-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၇၅၊ ရတနာအထက်လမ်း၊ ကြည့်မြင်တိုင်နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှမြတ်

**လက်ထောက်အင်ဂျင်နီယာ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ငြိမ်း)**
**အသက်(၇၈)နှစ်**

မန္တလေးမြို့နေ ဦးတင်မြတ်ဆွေ-ဒေါ်ဒေါ်သက်၊ ဦးကိုကိုလေး-ဒေါ်အုံးခင်တို့၏ သမီး ဒေါ်လှလှမြတ်သည် ၂-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၄၅ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါ၍ အမှတ်(၅၁/ခ)၊ ရွှေမန်းမြိုင်လမ်း၊ (၇)မိုင်ခွဲ၊ ပြည်လမ်းနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်

နေပြည်တော် အောက်တိုဘာ ၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ယနေ့ညမှ အောက်တိုဘာ ၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖

## လာဇီယိုအသင်းနဲ့ စပါးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ပြီး ပေါ်တိုအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာ သရေရလဒ်ထွက်ပေါ်ခဲ့

အောက်တိုဘာ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်(၂)မှာ လာဇီယိုအသင်းနဲ့ စပါးအသင်းတို့ဟာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့ပြီး ပေါ်တိုအသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

လာဇီယိုအသင်းနဲ့ နိုက်စ်အသင်းတို့ပွဲစဉ်မှာ လာဇီယိုအသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး လာဇီယိုအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် မိနစ် ၂၀ မှာ ပီဒရိုက တစ်ဂိုး၊ ၃၅ မိနစ်နဲ့ ၅၃ မိနစ်တို့မှာ ကက်စတယ်လန်နေ့ဇ်က နှစ်ဂိုး၊ ၆၇ မိနစ်မှာ ဇက်ကာနီက ပင်နယ်တီကနေ တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ နိုက်စ်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၄၁ မိနစ်မှာ ဘိုဂါက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ◯



ပေါ်တိုအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် ရခိုင်ယူနိုက်တက် အနိုင်ရ

နေပြည်တော် အောက်တိုဘာ ၄

၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇) ဒုတိယနေ့ကို အောက်တိုဘာ ၄ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံနှင့် ရခိုင်ယူနိုက်တက်အသင်း အနိုင်ရခဲ့သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုမျှော်လင့်ချက်ရှိနေသည့် အား/ကာသိပ္ပံအသင်းသည် နိုင်ပွဲထပ်မံရယူကာ ရှမ်းယူနိုက်တက်၊ Junior Lions အသင်းတို့နှင့် အပြိုင်ဖြစ်နေသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂




အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ယနေ့ ဖတ်စရာ**

**ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ**

စာမျက်နှာ » ၁၅

---

**၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၉